# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၁)


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၄ ကျောင်း၌ မူလတန်းနှင့်အလယ်တန်းအဆင့် ကိုရင်၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ ၆၇၀၇၇ ဦး ပညာသင်ကြားလျက်ရှိ

ရန်ကုန် ဇွန် ၂၁

မြန်မာ့ပညာရေးမျှော်မှန်းချက်ဖြစ်သော မျက်မှောက်ကာလတွင် ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခြေခံပညာကျောင်းများနည်းတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၄ ကျောင်းတွင် မူလတန်းနှင့် အလယ်တန်းအဆင့်တို့၌ ကိုရင်၊ သီလရှင်နှင့် ကျောင်းသားကျောင်းသူ ၆၇၀၇၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❖




## အထူးအစီအစဉ်ဖြင့် ကနဦး လူ ၃၀၀ ကို နိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင်ရွက်ပေးမည်ဟု စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး ကြေညာ

ရန်ကုန် ဇွန် ၂၁

နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန် စာရင်းပေးသူဦးရေ ၉၀၀ ကျော်ရှိသည့်အတွက် ကနဦးစာရင်းပေးသူ ၃၀၀ ကို လာမည့်တနင်္ဂနွေနေ့တွင် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑


ယနေ့ ဖတ် စ ရာ

ကြီးမားသည့် စွမ်းဆောင်ရည်၏ ဝှက်ထားသော မောင်းနှင်အား — ဆောင်းပါး — စာ ၁၀

2024 ခုနှစ် ဇွန်လ (တတိယ)ဆယ်ရက်ပတ် တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက် — ပြည်တွင်းသတင်း — စာ ၁၇





# မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ (ပထမငါးလအတွင်း) ပြည်ပခရီးသွား ၅ သိန်း ၂ သောင်းခန့် ဝင်ရောက်ခဲ့ ယခင်နှစ် အလားတူကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှုနှင့် နှိုင်းယှဉ်လျှင် ၆၃ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လာ

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**



အစည်းအဝေးသို့ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ဆွေးနွေးဖော်ထုတ်အဖြေရှာ

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက်နှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ် အဖြေရှာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် (၁ ဒသမ ၃) ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန် ဒေါ်လာ(၁ ဒသမ ၅)ထရီလီယံအထိ ရရှိခဲ့သည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့် အလားအလာများကို မြင်တွေ့နေရပြီ ဖြစ်ပါကြောင်း၊ ထိုသို့ ရလဒ်ကောင်းများ ထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား (travel demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှု၊ လေကြောင်းဆက်သွယ်ရေး ပိုမိုတိုးတက်လာမှုနှင့် ဗီဇာအစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့်ဟု သိရှိရပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာ ခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် (၁ ဒသမ ၂၈) သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် ၂ သိန်း ၃ သောင်းကျော်နှင့် နှိုင်းယှဉ်ပါက (၄) ဆခွဲ တိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ (ပထမငါးလအတွင်း) ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၅ သိန်း ၂ သောင်းခန့် ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု ၃ သိန်း ၁ သောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၆၃ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ အဆိုပါတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကိုဗစ်-၁၉ မတိုင်မီ ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည် အရေအတွက်ကို ပြန်လည်ပြည့်မီရေး အဘက်ဘက်က ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးနှင့် ခရီးစဉ်ဒေသများအလိုက် ကောင်းမွန်သည့် ဝန်ဆောင်မှုများကို အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်အတွက် ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ဦးစားပေးဒေသအလိုက် ကျင်းပပြုလုပ်ပေးနေသည်ဟု သိရှိရပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ဖော်ထုတ်ရရှိချက်များအနက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များဖြင့် ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုပါကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူ အလုပ်ရုံဆွေးနွေးပွဲများကို အချိန်အခါအလိုက် အခွင့်လျှဉ်းသင့်သလို ဆက်လက်ကျင်းပပြီး ခရီးစဉ်ဒေသများစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

### အမျိုးသားအားကစားပွဲတော်ကျင်းပမည်

မြန်မာနိုင်ငံအနေဖြင့် လာမည့်ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် အားလုံးအဆင့်မီမီ အင်ပြည့်အားပြည့် ပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ နိုင်ငံအဆင့်ပွဲတော်ကြီး ဆောင်ရွက်မည့် ကိစ္စရပ်ကို ဗဟိုကော်မတီဝင်များက သိရှိမှတ်သားပြီး လိုအပ်သည့် အစီအမံများ ဆောင်ရွက်သွားရေး၊ ပြည်တွင်းပြည်ပ အားကစားသမားများ၊ ခရီးသွားဧည့်သည်များ ကြိုတင်သိရှိစေရန် မြှင့်တင်ကြော်ငြာရေးနှင့် လာရောက်ကြည့်ရှုအားပေးရန် ဖိတ်ခေါ်ရေးတို့ကို မျှော်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာစေရေးအတွက် ဈေးကွက်ရှာဖွေမြှင့်တင်ရေး နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးကို ထိရောက်စွာ အသုံးချရန်၊ ခရီးသွားဧည့်သည်များ ငွေပေးချေမှုတွင် Online အသုံးပြုပြီး Cashless Payment စနစ်များဖြင့် ဆောင်ရွက်နိုင်ရန်၊ MSMEs လုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် Ease of Doing Business လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ လွယ်ကူအဆင်ပြေစေရန်ကိုလည်း ကာလရှည်ရည်မှန်းချက်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားရန်၊ ဒေသထွက်အစားအသောက်များနှင့် တိုင်းရင်းသားရိုးရာ အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသခံများနှင့် လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိတွင် အဓိကခရီးစဉ်ဒေသများကို ဝင်/ထွက်သွားလာရာတွင် အချက်အချာကျသည့် ကျိုင်းတုံ၊ ပုသိမ်၊ တာချီလိတ် စသည့်မြို့များရှိ လေဆိပ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် လေကြောင်းခရီးစဉ်နှင့် ပြည်ပခရီးသွားများ ဝင်ရောက်လာနိုင်ရေး၊ ခရီးသွားအေဂျင်စီများ အပါအဝင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ခရီးသည်ပိုမိုလာရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ အဓိက ခရီးသွားဈေးကွက်ဝင်နိုင်ငံများနှင့် အလားအလာရှိသည့် နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုရရှိရန် ပြည်ဝင်ဗီဇာလွယ်ကူရေးလုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် မိမိတို့၏ ဗဟိုကော်မတီအနေဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားဧည့်သည်များအကြားတွင် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရေး၊ ခရီးသွားလုပ်ငန်းနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး စသည်တို့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် အားလုံးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

### ဖတ်ကြားတင်ပြအတည်ပြုချက်ရယူ

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ (၉) ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များကို ဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် ဒေသတွင်းမြို့/ခရိုင်များ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားခွင့်ပြုရန်၊ ထူးခြားဖြစ်စဉ်များ အသိပေးရန်၊ ဧည့်သည်စာရင်း စီမံခန့်ခွဲမှုစနစ်(GLMS)အား မပျက်မကွက်အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် အသုံးပြုခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုင်စင် ရယူခြင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား အခကြေးငွေဖြင့် တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများအား အရေးယူဆောင်ရွက်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်သည့် ကမ်းခြေခရီးစဉ်ဒေသများအဖြစ် သတ်မှတ်နိုင်ရန် အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် ဇွန် ၂၁**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ / နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကီလိုတန်း အလိုက် အမျိုးသား၊ အမျိုးသမီး အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီး (၄၉ – ၅၃) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား (၆၈ – ၇၄) ကီလိုတန်း အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး (၄၃ – ၄၆) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်းနှင့် ခွန်စံလွင်တို့က အမျိုးသား (၄၆ – ၅၀) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား (၅၀ – ၅၄) ကီလိုတန်း အတိုက်ပြိုင်ပွဲနှင့် အမျိုးသား (၅၄ – ၅၈) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့် ဒေါက်တာမှုထန်တို့က အကောင်းဆုံး အမျိုးသမီး၊ အမျိုးသား အားကစားသမားဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆုဖလားများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသား တံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီး တံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကိုလည်းကောင်း တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်း တံခွန်စိုက် ဆုဖလားပေးအပ်ချီးမြှင့်သည်။

**၂၆၃ ဦး ပါဝင်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ ပြည်ထောင်စု စိတ်ဓာတ်မြင့်မားလာစေရန်နှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၅ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရွှေ့ဖိုးမှ***

လာမည့် တနင်္ဂနွေနေ့ဖြစ်သည့် ဇွန် ၂၃ ရက်၌ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးပေးမည့် လူ ၃၀၀ ၏ အမည်နှင့်အချိန်ကိုလည်း သံရုံး၏ အင်တာနက်စာမျက်နှာတွင် အသိပေးကြေညာထားပြီး သက်တမ်းတိုး လာရောက် ဆောင်ရွက်မည့်သူများအနေဖြင့် သတ်မှတ်အချိန်များအတိုင်း လာရောက်ပေးပါရန် မေတ္တာရပ်ခံထားသည်။

ကျန်ရှိသည့် ၆၀၀ အား သက်တမ်းတိုး ဆောင်ရွက်ပေးမည့်နေ့ရက်ကို သံရုံး၏ အင်တာနက်စာမျက်နှာ၌ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း သံရုံးက အသိပေးထားသည်။

မြန်မာသံရုံးအနေဖြင့် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၂၀ ခန့်ကို နေ့ဉ် online appointment စနစ် ၇၅ ဦးခန့်နှင့် Whatsapp appointment စနစ် ၄၅ ဦး ခန့်တို့ဖြင့် နိုင်ငံကူးလက်မှတ် သက်တမ်းတိုး ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သံရုံးက ထုတ်ပြန်အသိပေးထားသည်။

**နိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင်ရွက်ပေး**

သံရုံး website မှ online appointment ရယူရန်အခက်အခဲနှင့် အလုပ်ချိန်အားလပ်ရက်အခြေအနေများကြောင့် စင်ကာပူနိုင်ငံ၌ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် စောင့်ဆိုင်းနေရသည့် မြန်မာနိုင်ငံသားအများအပြားရှိနေသည်ဟု ကြားရကြောင်း သံရုံးမှ သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို အဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် စင်ကာပူမြို့၊ မြန်မာသံရုံးအနေဖြင့် အစိုးရရုံးပိတ်ရက်ဖြစ်သော ၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက် (တနင်္ဂနွေနေ့) တွင် မြန်မာနိုင်ငံသား ၂၀၀ ခန့်ကို နိုင်ငံကူးလက်မှတ်ကုန်ဆုံးရက် (၂၀၂၅ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ) ၏ နိုင်ငံကူးလက်မှတ်များကို သက်တမ်းတိုးခြင်း အထူးအစီအစဉ်ဖြင့် လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် အဆိုပါ နိုင်ငံကူးလက်မှတ်များကို ၂၀၂၄ ခုနှစ် ဇွန် ၂၅ရက်မှ ၂၇ရက်(၁နာရီမှ ၃နာရီအတွင်း)တွင် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မေ ၃၁ ရက်က ကြေညာထားသည်။

**MT**

---

## ပန်းလောင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်ပေး

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု မောင်းကွေးကျေးရွာအနီး ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၁ ရက်က ကျင်းပသည်။

**ငါးသားပေါက် သုံးသိန်းစိုက်ထည့်**

အဆိုပါငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ကျင်းပပြုလုပ်မည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) အဖွဲ့ဝင်နိုင်ငံများ၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ကျင်းပပြုလုပ်မည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) အဖွဲ့ဝင်နိုင်ငံများ၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရသည်။ (ယာပုံ)

သတင်းစဉ်



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဖလမ်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပူတာအိုမြို့နှင့် ကျိုက်ဒုံမြို့တို့တွင် ၁ ဒသမ ၆၆ လက်မစီ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ အင်္ဂပူမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် မြိတ်မြို့တွင် ၁ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရတနာတန်းဝင် မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များနှင့်မန်ကျည်းပင် စုစုပေါင်း ၅၃၂ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လည်းကောင်း၊ ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရ လေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပြန်လည်အစားထိုးစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများ၌လည်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့တွင် သစ်ပင်ပေါင်း ၁၂၇၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်ဆည်မြို့၌ အခြေခံအပင်တစ်သျှူးမျိုးပွားနည်း သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၂၁**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသန ဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည့် အခြေခံအပင်တစ်သျှူးမျိုးပွားနည်း (၂/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါ ဇီဝနည်းပညာ သုတေသနဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့ ဇီဝနည်းပညာ သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပေးလိုက်သော ပညာရပ်များကိုအခြေခံ၍ ရောက်ရှိရာဒေသများတွင်လေ့လာ၍ဇဟုသုတများရှာဖွေသွားကြရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းကျစာတမ်းပြုစုရေးသင်တန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း၊ စိုက်ပျိုးရေးနည်းပညာ သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော မြဘုရင်နို့ချက်စက်ရုံမှ မန်နေဂျာချုပ် ဦးထွန်းလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသင်းသင်းနွဲ့၊ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလွဲလွဲထွန်းနှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## မန္တလေးမြို့ပေါ်ရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေး

**မန္တလေး ဇွန် ၂၁**



စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးအနေဖြင့် ပြည်သူများ အရည်အသွေးပြည့်ဝသော အခြင်အတွယ်မှန်ကန်သော စက်သုံးဆီများ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဝယ်ယူနိုင်ရေးတို့အတွက် မန္တလေးမြို့ပေါ်ရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များသို့ လစဉ်တစ်လလျှင် နှစ်ကြိမ် ဌာနပိုင် Mobile Fuel Lab မော်တော်ယာဉ်ဖြင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်အတွင်း လိုင်စင်ရစက်သုံးဆီ အရောင်းဆိုင် ၃၀ သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပြီး အခြင်အတွယ်ပြည့်မီခြင်းမရှိသော စက်သုံးဆီအရောင်းဆိုင် နှစ်ဆိုင်အား အမှုဖွင့်လှစ်အရေးယူခဲ့ခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးထက် ကျော်လွန်ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင် နှစ်ဆိုင်တို့ကို ဒဏ်ကြေးချမှတ်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀-၆-၂၀၂၄ ရက်နေ့တွင်လည်း မန္တလေးမြို့ပေါ်ရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင် လေးဆိုင်သို့ စက်သုံးဆီ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှု ရှိ၊ မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိ ရှောင်တခင်ဝင်ရောက်စစ်ဆေး ဆောင်ရွက်ခဲ့ရာ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိကြောင်း၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီး မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့ပေါ်နှင့် ကျန်မြို့နယ်ရှိ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# စက်မှုဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ပြီး စက်မှုဝန်ကြီးဌာနရှိ စက်ရုံမှူးများ၊ စိုက်ကွင်းစိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများနှင့် စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။





ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သော အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယခုအခမ်းအနားမှရရှိမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှ တစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန် မိမိကစပြီး အဂတိလိုက်စားမှုကို ငြင်းဆိုရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုလို ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌတို့သည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူးများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းဆွေးနွေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ဦးစွာ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ Grade-12 (ဒွါဒသမတန်း)စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား နေမှုများကို လှည့်လည်ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက အားပေးစကားပြောကြားရာတွင် မိမိတို့ဘဝကိုယ်စီ ဖွံ့ဖြိုးတိုးတက်စေမည်မှာ ပညာရေးသာဖြစ်၍ ပညာတတ်အောင် အမြဲမပြတ် လေ့လာကြိုးစားနေကြရမည်ဖြစ်ကြောင်း၊ ပညာတတ်အောင် ဘာသာရပ်ဆိုင်ရာများကို ကြိုးစားသင်ကြား၊ သင်ယူရုံသာမက ကျောင်းတွင်း အားကစားကာယလေ့ကျင့်ခန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျောင်းစာကြည့်တိုက်တွင် စာပေများဖတ်ရှုလေ့လာခြင်း စသည့်ကောင်းမွန်သော အလေ့အကျင့်များကို ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသောပညာတတ်များ၊ လူတော်လူကောင်းများဖြစ်အောင် ဆရာ ဆရာမများ အားလုံးဝိုင်းဝန်းလက်တွဲ၍ ညီညီညွတ်ညွတ် ပြုစုပျိုးထောင် သင်ကြားပေးကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် စာသင်ခန်း၊ စာကြည့်တိုက်၊ စာသင်ဆောင်များ၊ ကျောင်းဝင်းအတွင်း ဥပစာရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့်ဆိုင်ရာများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်၍ စာသင်ကျောင်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး Billboard စိုက်ထူခြင်းအခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပရာ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ခရိုင် (ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို မိုင်းယန်းမြို့နယ်၊ မိုင်းပေါက်မြို့မှ တာချီလိတ်မြို့သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ခင်ခင်ဦး(ခ) စီစီနှင့် အိုက်ဆန်း(ခ) အိုက်ပေါင်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အလင်းသတင်းစာတိုက်၏ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်အသင်းသားများအား အမြတ်ငွေပေးအပ်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာ့အလင်းသတင်းစာတိုက် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)၌ ကျင်းပသည်။ ဦးစွာ မြန်မာ့အလင်းသတင်းစာတိုက် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဒုတိယဥက္ကဋ္ဌ မန်နေဂျာ ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို စာရင်းစစ် ဦးစိုးထူးက ဖတ်ကြားပြီး ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ငွေစုငွေချေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်ငွေကျပ် ၆၁၅၀၀၀၀ ကို အသင်းသား ၁၀၄ ဦးအား ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**ရန်ကုန် ဇွန် ၂၁** – ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံးမှကြီးမှူးကျင်းပသည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ (10th International Day of Yoga) အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်၌ ကျင်းပသည်။





အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော် ကောင်စီဝင်များ၊ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် Shri.R.C. Yadav ၊ အိန္ဒိယနိုင်ငံဆက်ဆံရေးရုံးမှ ပထမအတွင်းဝန်နှင့် ဆက်ဆံရေးရုံးအကြီးအကဲ Ms. Ritu Yadav နှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံဆက်ဆံရေးရုံးမှ ပထမအတွင်းဝန်နှင့် ဆက်ဆံရေးရုံးအကြီးအကဲဖြစ်သူ Ms. Ritu Yadav က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် Shri.R.C.Yadav က (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ (10th International Day ofYoga) အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်း အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာယောဂနေ့ ဖြစ်ပေါ်လာပုံနှင့် ယောဂကျင့်စဉ်၏ အဓိကအနှစ်သာရများနှင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်၌ အိန္ဒိယနိုင်ငံသံရုံးမှ ယောဂသရုပ်ပြ Ms.Lalan Desai က ယောဂသရုပ်ပြ လေ့ကျင့်နည်းများ ပြသ၍ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းလေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မြောက်ဘက်မုခ် လှေကား၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (ဝဲပုံ)

ဆက်လက်၍ (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ (10th International Day of Yoga) အထိမ်းအမှတ်နှင့် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်ထားသည့်နေရာ၌ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကောင်စစ်ဝန်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဆက်ဆံရေးရုံးအကြီးအကဲတို့က ကံ့ကော်ပင်များကို အတူတကွ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဖရိကဝက်အပြင်းဖျားရောဂါကာကွယ်ဆေး သုံးစွဲခြင်းဆိုင်ရာဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၂၁**

အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မွေးမြူသူများ၏ စီးပွားရေး ဆုံးရှုံးထိခိုက်နစ်နာမှုများကို လျှော့ချနိုင်ရန် **အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ဆေး သုံးစွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ**ကို ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ဆေးသုံးစွဲခြင်းဆိုင်ရာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များ၊ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကာကွယ်ဆေး သုံးစွဲခြင်းဆိုင်ရာလုပ်ငန်းများ၊ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ဆေး အမျိုးအစားများနှင့် ကာကွယ်ဆေး သုံးစွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ဆွေးနွေးကြသည်။

ဝက်များတွင် ဖြစ်ပွားတတ်သည့် ဗိုင်းရပ်စ်ပိုး တစ်မျိုးဖြစ်သော အာဖရိကဝက်အပြင်းဖျားရောဂါသည် ၂၀၀၅ ခုနှစ်တွင် အာဖရိကတိုက်တွင်ရှိသည့် နိုင်ငံပေါင်း (၃၂) နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်မှစတင်၍ အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်မှုများ တွေ့ရှိခဲ့ကြောင်း၊ အာဖရိကဝက်အပြင်းဖျားရောဂါဗိုင်းရပ်စ်သည် ခံနိုင်ရည်ရှိပြီး ပတ်ဝန်းကျင်နှင့် ဝက်ထွက်ပစ္စည်းများတွင် အချိန်ကြာမြင့်စွာ ရှင်သန်နိုင်ကြောင်း၊ အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဖြစ်ပွားသည့် ဗိုင်းရပ်စ်ပိုးဖြစ်ပြီး လူသို့ လွယ်ကူစွာ ကူးစက်တတ်သည့်ရောဂါ (Zoonotic disease) မဟုတ်ကြောင်း၊ ပြည်သူလူထုကျန်းမာရေးနှင့် အစားအစာဘေးကင်းလုံခြုံရေးအတွက် မစိုးရိမ်ရသော်လည်း စီးပွားရေးအရ များစွာ ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်သည့်ရောဂါဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အရှေ့ဖွားစောကျေးရွာ ရွာတွင်းလမ်းများပြုပြင်ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အရှေ့ဖွားစောကျေးရွာ အဝင်မှ ဇေယျဝေရီကန်သို့ သွားရာလမ်း ပြုပြင်ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်သက်ရောက်မှုဆန်းစစ်ချက် (HIA) နှင့်အညီ ကျေးရွာတွင်းလမ်းများကို သတ်မှတ်လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လမ်းပိုင်း၏အချို့နေရာများတွင် သတ်မှတ်အကျယ်ရရှိရေး ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။



အဆိုပါ လမ်းဖောက်လုပ်ရာတွင် ပေ ၅၀ အရှည် ရေကျော်တစ်စင်း၊ ပေ ၈၀ အရှည် ရေကျော်တစ်စင်းနှင့် ပေ ၁၅၀ အရှည် ရေကျော်တစ်စင်း ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြကျေးရွာ (Smart Village) အဖြစ်ဆောင်ရွက်ပေးထားသော မြင်းကပါကျေးရွာ၌ ရွာတွင်းလမ်းများ ဖောက်လုပ်ပေးနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီအောင်ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ မြင်းကပါကျေးရွာတွင်းလမ်းများကို ပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် ရပ်ကွက်ခြောက်ခု၊ အိမ်ခြေ ၁၅၁ အိမ်၊ လူဦးရေ ၅၆၃ ဦးကို အကျိုးပြုမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ဖောက်လုပ်ပေးရန်အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ယင်းလမ်းပေါ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော အရှည်ပေ ၆၀၊ အကျယ်ပေ ၂၀ ရေကျော် အမှတ် (၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆက်လက်ပြုပြင်ဆောင်ရွက်ပေးရမည့် မင်းနန်သူကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းများကိုလည်းကောင်း၊ ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်းကို လည်းကောင်း၊ အနောက်ဖွားစောကျေးရွာအဝင်လမ်းကို လည်းကောင်း၊ တောင်ဘီကျေးရွာတွင်းလမ်းများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကုန်းတန်းကြီးကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တောင်ခွင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ အရည်အသွေး ပြည့်ဝသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ယွန်းထည်လုပ်ငန်းအဆင့်ဆင့် ထုတ်လုပ်ပုံကို လက်တွေ့သရုပ်ပြသည့် နည်းစဉ်ခန်းမနှင့် စာပေပညာ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကမ္မကျေးရွာအနီး ဖြစ်ပွားခဲ့သည့် ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကမ္မကျေးရွာအနီးမှာဖြစ်ပွားခဲ့တဲ့ ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူရခြင်း အကြောင်းနဲ့ပတ်သက်ပြီး ဆရာတော်၊ သံဃာတော်များနဲ့ တပည့်ဒါယကာ၊ ဒါယိကာမများကို အဖြစ်မှန်သိရှိစေရေး ရိုသေစွာ လျှောက်ထားတင်ပြသွားမှာဖြစ်ပါတယ်ဘုရား။

ပထမဦးစွာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့၊အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့၊ဘွဲ့ ၃ ဘွဲ့ ဆက်ကပ်ပူဇော်ခံခဲ့ရတဲ့ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင်ဟောင်း ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ခဲ့တဲ့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို တပည့်တော်တို့က ရိုသေလေးစားစွာရှိခိုးပူဇော်အပ်ပါတယ်ဘုရား။ အလားတူပဲ ဒဏ်ရာရရှိခဲ့တဲ့ ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဂုဏိကာဘိဝံသ ဆရာတော်ကြီးအားလည်း ရိုသေစွာရှိခိုးပူဇော်အပ်ပါတယ်ဘုရား။

**သံဃာတော်အရှင်မြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများဘုရား ...**

ဒီဖြစ်စဉ်ဟာ ယခု ဇွန်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်မှာဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဖြစ်စဉ်မဖြစ်ပွားမီ အဲဒီဒေသရဲ့ အခြေအနေများကိုလည်း သိရှိရန်လိုအပ်ပါတယ်။ ငါန်းဇွန်၊ မြို့သာဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးမြောက်ခြမ်းက PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရွာသားအယောင်ဆောင်ဝင်ရောက်နေထိုင်ပြီး ဆက်ကြေးကောက်၊ ပြန်ပေးဆွဲ၊ မိုင်းထောင်မိုင်းခွဲ ဖောက်ခွဲတိုက်ခိုက်တာတွေ စတာတွေကို မကြာခဏ လုပ်ဆောင်နေတဲ့နေရာဖြစ်ပါတယ်။ ဒီဖြစ်စဉ်မဖြစ်ပွားခင် ၁ ရက်အလို ဇွန်လ ၁၈ ရက်နေ့ ညနေ ၆ နာရီလောက်မှာ PDF အမည်ခံ အကြမ်းဖက်သမား ၅ ဦးဟာ ဆိုင်ကယ် ၃ စီးနဲ့ မြို့သာ ကျေးရွာလမ်းအတိုင်း အရပ်ဝတ်များနဲ့ မောင်းနှင်လာပြီး မြို့သာနယ်မြေရဲစခန်းကို ပစ်ခတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးနဲ့ ရဲစခန်းအနီးမှာနေထိုင်တဲ့ အပြစ်မဲ့ သာမန်အရပ်သား ရွာသားတစ်ယောက် ကျဆုံး/သေဆုံးခဲ့ရပါတယ်။ ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့ နံနက် ၆ နာရီခွဲအချိန်လောက်မှာ ဆီမီးခုံနဲ့ မန္တလေးပြေးဆွဲနေတဲ့ "ပြည့်စုံအောင်" ယာဉ်လိုင်းက မော်တော်ယာဉ်တစ်စီးကို အကြမ်းဖက် PDF အဖွဲ့က ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္မကျေးရွာအနီး ကမ္မရွာရဲ့ အနောက်မြောက်ဘက်က ဖောင်းကတော၊ သားကျင်ဘက်ကို ခေါ်ဆောင်သွားတယ်ဆိုပြီး ဒေသခံတွေက သတင်းပေးတိုင်ကြားလာခဲ့ပါတယ်။ ဒါကြောင့် ငါန်းဇွန်မြို့မှာရှိနေတဲ့ လုံခြုံရေးအဖွဲ့များဟာ အဖွဲ့နှစ်ဖွဲ့ခွဲပြီး အရှေ့ဘက်လမ်းကြောင်း၊ အနောက်ဘက် လမ်းကြောင်းနှစ်ကြောင်းနဲ့ ဖောင်းကတော၊ သားကျင်နေရာကို လုံခြုံရေးဆောင်ရွက်ဖို့ ချီတက်ခဲ့ပါတယ်။ အနောက်ဘက်လမ်းကြောင်းက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့တဲ့အဖွဲ့ကို မနက် ၁၀ နာရီကျော်ကျော်လောက်မှာ ဖောင်းကတောရွာနားအရောက် PDF အကြမ်းဖက်အဖွဲ့ ၂၀ လောက်က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ အပြန်အလှန်ပစ်ခတ်ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့တွေ တောင်ဘက်ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္မရွာဘက်ကို ထွက်ပြေးသွားတာကိုလည်း တွေ့ရှိရပါတယ်။ တပ်က ကျဆုံး၊ ဒဏ်ရာရသူရှိခဲ့သလို အကြမ်းဖက်အဖွဲ့ဘက်ကလည်း ထိခိုက်ဒဏ်ရာရမှုရှိတယ်ဆိုတာသိရှိခဲ့ရပါတယ်။ အဲဒါနဲ့မရှေးမနှောင်းမှာပဲ အရှေ့ဘက်လမ်းကြောင်းကနေ ချီတက်နေတဲ့ လုံခြုံရေးအဖွဲ့ရောက်ရှိနေတဲ့ ကမ္မရွာအနီးက ပစ်ခတ်သံတွေကြားခဲ့ရပါတယ်။ အဲဒီအရှေ့ဘက်လမ်းကြောင်းကနေ ချီတက်နေတဲ့ လုံခြုံရေးအဖွဲ့ကလည်း ခုနက ကျွန်တော်ပြောခဲ့တဲ့ မော်တော်ယာဉ်တစ်စီး ခေါ်ဆောင်သွားတယ်ဆိုတဲ့ ဖောင်းကတော၊ သားကျင်ရွာဘက်ကနေ ထွက်ပြေးလာတဲ့ အကြမ်းဖက်အဖွဲ့တွေကို ပိတ်ဆို့နိုင်ဖို့ အလျင်အမြန်ချီတက်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီလုံခြုံရေးအဖွဲ့တွေဟာ ကမ္မရွာရဲ့ထိပ် ဘုရားအနီး လမ်းပေါ်မှာ ကမ္မရွာဘက်က မောင်းနှင်လာတဲ့ အရပ်နံပါတ်လိုင်စင်တပ် Surf အမျိုးအစားယာဉ်တစ်စီးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယာဉ်ကို ရပ်တန့်ဖို့ လုံခြုံရေးကားပေါ်ကနေ အော်ဟစ်တားဆီးတာ၊ လက်ပြတားဆီးတာလုပ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နောက်ဆုံး သေနတ်ကို မိုးပေါ်ထောင်ပစ်ခတ်တားဆီး



ခဲ့တယ်ဆိုတာလည်း သိရှိခဲ့ရပါတယ်။ အရပ်ကား Surf ကားက ကျော်တက်မောင်းနှင်သွားတဲ့အခါမှာ နောက်ကနေလည်း ပစ်ခတ်တားဆီးခဲ့တယ်ဆိုတာကို အကြမ်းဖျင်းသိရှိရပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး အသေးစိတ်ထပ်မံစိစစ်ဆန်းစစ်သွားမှာဖြစ်ပါတယ်။

**သံဃာတော်အရှင်သူမြတ်များနှင့် ဒါယကာ၊ ဒါယိကာမများဘုရား ...**

အဲဒီဒေသမှာ လုံခြုံရေးဆောင်ရွက်နေရတဲ့ စစ်သည်များရဲ့ တာဝန်ထမ်းဆောင်ရမှုဟာ အခက်အခဲများစွာရှိပါတယ်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ပဲ အရပ်သားအယောင်ဆောင်ပြီး အပြစ်မဲ့ပြည်သူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်တိုက်ခိုက်နေတာဖြစ်ပါတယ်။ ရန်သူ၊ မိမိ၊ သာမန်ပြည်သူလူထုကို ရုတ်တရက် ခွဲခြားနိုင်ဖို့ ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီလိုအခြေအနေမျိုးမှာ မြို့ရွာတွေကို ကာကွယ်နိုင်ဖို့၊ သာမန်အရပ်သားပြည်သူတွေကို ကာကွယ်နိုင်ဖို့ ကြိုးစားတာဝန်ထမ်းဆောင်နေကြရပါတယ်။


တပ်မတော်အနေနဲ့ ဒီမြန်မာနိုင်ငံမှာ ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာ စည်ပင်ထွန်းကားပြန့်ပွားစေဖို့၊ ခိုင်မာစေဖို့ ရှေးယခင်ကတည်းက ယနေ့အထိ တက်ကြွနိုးကြားစွာ ဆောင်ရွက်ခဲ့တာကို ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ ဘာသာဝင်တွေအားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒီဖြစ်စဉ်တစ်ခုလောက်ကို အခွင့်ကောင်းယူပြီး ပြည်ဖျက်မီဒီယာတွေ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ပျက်စီးရာ ပျက်စီးကြောင်း အချိန်ကိုက်လှုံ့ဆော်နေတာကိုလည်း တွေ့ရပါတယ်။ ဒီနေ့အထိ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်တိုက်ခိုက်မှုတွေကြောင့် ရဟန်းသံဃာ ၁၄၀ ပါး၊ သီလရှင် ၂ ပါး ပျံလွန်တော်မူခဲ့ရပြီး ၉၆ ပါး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ ဘာတစ်ခွန်းမှမပြောဘဲ ရေငုံနှုတ်ပိတ် နေနေကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကို သတိရှိဖို့ လိုအပ်ကြောင်း မေတ္တာရပ်ခံလိုပါတယ်။

**သံဃာတော်အရှင်မြတ်များနှင့် ဒါယကာ၊ ဒါယိကာမများဘုရား ...**

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တပည့်တော်တို့လည်း ပရိယတ္တိသာသနာမှာ တန်ဖိုးရှိထင်ရှားကျော်ကြားလှတဲ့ သံဃာတော်အရှင်သူမြတ်တစ်ပါးဆုံးရှုံးခဲ့ရလို့ များစွာ ဝမ်းနည်းကြေကွဲရပါတယ်ဘုရား။ အဆင့်မြင့်အရာရှိကြီးများပါဝင်တဲ့ စုံစမ်းစစ်ဆေးအဖြစ်မှန်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဖော်ထုတ်သွားပါမယ်ဘုရား။ စုံစမ်းဖော်ထုတ်တွေ့ရှိချက်များအရ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်သွားပါမည်။

ဆရာ၊ ဒကာ လက်တွဲညီ သာသနာ့အကျိုးဆက်လက်ဆောင်ရွက်ပါမည်ဘုရား။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုပါဘုရား။




၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ ငါန်းဇွန် - မြို့သာဒေသဖြစ်စဉ်ပြပုံ

## မဟာအောင်မြေမြို့နယ်၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် စကားဝိုင်းကျင်းပ

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် လူထုအခြေပြု ဇဟိုဌာနခန်းမ၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေး စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကမ္ဘာ့အအေးပေးပစ္စည်းများနေ့နှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ယနေ့အချိန်သည် နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ရေခဲသေတ္တာ၊ လေအေးပေးစက် စသည့်အအေးပေးပစ္စည်းများအပေါ် တည်မှီမှုပိုမိုများပြားလာ၍ CFCs, HCFCs, HFCs စသည့် အအေးပေးပစ္စည်းများကို အိုဇုန်းလွှာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စနစ်တကျအသုံးပြုနိုင်ရန်နှင့် အအေးပေးပစ္စည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများ၊ အသိပညာပေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးပိုစတာ စိုက်ထူပွဲကို ဇွန် ၁၉ ရက်က ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးစောလှမောင်နှင့် ကျောင်းသားကျောင်းသူများ တက်ရောက်စဉ်။

မြို့နယ် (ပြန်/ဆက်)



# ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေး စိစစ်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မြို့သာမြို့နှင့်ကမ္မရှာအကြားတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဂုဏိကာဘိဝံသတို့ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ပစ်ခတ်ခံခဲ့ရပြီး ဝင်းနိမ္မိတာရုံ ကျောင်းဆရာတော် ပျံလွန်တော်မူခဲ့ရကာ ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက်ဆရာတော်နှင့် ယာဉ်မောင်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဇွန် ၂၀ ရက် ညနေပိုင်း၌ လူမှုကွန်ရက်စာမျက်နှာများတွင် ဖြစ်စဉ်တွင်ပါဝင်ခဲ့သော ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဂုဏိကာဘိဝံသ၏ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားမှု ဗီဒီယိုဖိုင်တစ်ခု ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦး သတင်းထုတ်ပြန်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့အဆင့်ဆင့်မှ သတင်းပို့တင်ပြလာသည့် အချက်အလက်များကို အခြေခံ၍ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဆရာတော်ကြီး၏ မိန့်ကြားမှုသည် သတင်းထုတ်ပြန်ခဲ့မှုနှင့် ကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မြေပြင်ဖြစ်စဉ်အမှန်ပေါ်ပေါက်စေရေး လိုအပ်သည့် စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်မှန်အား သိရှိရပါက လိုအပ်သည့် အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မိုးရာသီကာလ ဘေထုပ်ဈေးကွက်အတွင်း အသားထူ ဘောင်းဘီ၊ အင်္ကျီများ အရောင်းအဝယ်ကောင်းနေ

**ရန်ကုန် ဇွန် ၂၁**

မိုးရာသီကာလ ဘေထုပ်ဈေးကွက်အတွင်း အသားထူ ဘောင်းဘီ၊ အင်္ကျီများ အရောင်းအဝယ်ကောင်းနေကြောင်း ကြည့်မြင်တိုင် မိုးလုံ၊ လေလုံ ဘေထုပ်ဈေးရှိ ဆိုင်ကြီးတစ်ဆိုင်ဖြစ်သော USK ဆိုင်မှ ဦးကျော်သီဟက ပြောသည်။

လက်ရှိတွင်လည်း ဘေထုပ်များ ဈေးကွက်အတွင်း ရောင်းအားကောင်းနေကြောင်း သိရသည်။

"မိုးတွင်းကာလ အရောင်းအဝယ်ကတော့ အဆက်မပြတ်ရှိတယ်။ ကျွန်တော်တို့က မိုးလုံ၊ လေလုံ အဆောက်အအုံထဲမှာ ရောင်းတာ။ အခုမိုးတွင်းကတော့ မိုးကာနဲ့ အထူသား အင်္ကျီတွေ၊ ဘောင်းဘီတွေ ရောင်းရတယ်။ အခုကာလလည်း ရောင်းဝယ်အားကောင်းပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ကာလများက ရောင်းအားလျော့ကျမှုများ ရှိခဲ့သော်လည်း ယခုအခါ ရောင်းအားကောင်းနေပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအတွင်းကရောင်းဝယ်အားကောင်းခဲ့ကာ ပြည်တွင်းဈေးကွက်၌ Brand အထည်များ ဝယ်ယူခြင်းထက် ဘေထုပ်ထည်ဝယ်ယူသူများပြားကြောင်း သိရသည်။



ကြည့်မြင်တိုင်ညဈေးရှိ ဘေထုပ်တန်းမှ ဆိုင်အချို့ကို တွေ့ရပုံ။

ဘေထုပ်များကို တိုးဝှေ့ရှာဖွေဝယ်ယူနိုင်ပါက Adidas၊ Nike၊ Burberry ၊ Hugo Boss စသည့် နာမည်ကြီး Brand များကို ငွေကျပ်ထောင်ဂဏန်းဖြင့် ရှာတွေ့နိုင်ပြီး ရွေးယူနိုင်ပါက အကောင်းစားများကို ရရှိနိုင်ခြင်းမှာလည်း ဘေထုပ်ကို လူအများ ကြိုက်နှစ်သက်ရသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

လူငယ်ထုကြား၌ ဘေထုပ်ကို Thrift သို့မဟုတ် Vintage ဟုလည်း ခေါ်ဆိုကြပြီး စနေ၊ တနင်္ဂနွေ ပိတ်ရက်များ၌ ရန်ကုန်မြို့၏နာမည်ကျော် ကြည့်မြင်တိုင်ညဈေးရှိ ဘေထုပ်တန်းတွင် စည်ကားလေ့ ရှိကြောင်းလည်း သိရသည်။

**Thit Taw**

# ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၁**

၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

**ဝတ္ထုတို** ပြိုင်ပွဲတွင် ဒေါ်သဥ္ဇာမိုး(သဥ္ဇာလှိုင်-လားရှိုး)၏ **"လမိုက်ညတွေ ကင်းပါစေ ကြယ်လေးတွေလည်း လင်းပါစေ"** ဝတ္ထုတိုက ပထမ၊ ဦးအောင်ကိုကိုဦး (ထက်ဝေအောင်-စစ်ကိုင်း)၏ **"အဆိပ်ငွေ့များသူ တစ်ယောက်ရဲ့ ချစ်စရာဗီဇ"** ဝတ္ထုတိုက ဒုတိယနှင့် ရဲမှူးကြီးမြင့်ထွန်း (အန်ကယ်ပညာ)၏ **"တစ်စင်းတည်းသော မြား"** ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးပိုင်ဆု (ပိုင်ဆု-ပညာရေး) ၏ **"နေဝင်ပြီမို့ မှောင်ရသည် "**၊ ဒေါ်ခင်မျိုးသိန်း(ချိုမြသွင်)၏ **"ဂန္ဓဝင်တိုက်ပွဲ"** နှင့် မဇင်လဲ့ထွေး(ဇင်-ရောဝတီ)၏ **"မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ် ဟူသမျှ ရှောင်ရှားကြ(သို့) တစ်နေဝင်လျှိုး တစ်မိုးချုပ်သော်လည်း"** ဝတ္ထုတိုတို့က ရရှိကြသည်။

**ဆောင်းပါး** ပြိုင်ပွဲတွင် ဒေါ်ခင်နှင်းရည် (ခင်နှင်းရည်-ရန်ကုန်တက္ကသိုလ်)၏ **"မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"** ဆောင်းပါးက ပထမ၊ ဦးစိန်ဝင်း (ဟသ်ာတမြို့နယ် စာရေးဆရာအသင်းဝင်) (ရင်ငြိမ်းအေး-မေတ္တာမြေ) ၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ "** ဆောင်းပါးက ဒုတိယနှင့် ဒေါ်ဝင်းမာမြင့် (အင်ကြင်းမေ) ၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"** ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဇာခြည်မြင့် (နှင်းဇာခြည်မြင့်-ရွှေကျွန်းမြေ)၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"**၊ ဦးအောင်ခင်(အောင်သူရိန်-ပုလဲ) ၏ **"မူးယစ်ဆေးဝါး ကာကွယ်ရေး အသိပညာမြှင့်တင်ပေး"** နှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး) ၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"** ဆောင်းပါးတို့က ရရှိကြသည်။

**ကဗျာ** ပြိုင်ပွဲတွင် ဦးရီလွင်(မောင်ယုလွင်-သပြေ)၏ **"ဥာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"** ကဗျာက ပထမ၊ ဦးကုသလ(မြတ်ဘုန်းခေါင် Pku) ၏ **"ဥာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"** ကဗျာက ဒုတိယနှင့် ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) ၏ **"မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ "** ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးအေးဝင်း (မင်းသစ်ဝင်း-ကျောက်တံခါး) ၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ(သို့) အမေသို့မှာတမ်း"**၊ ဒေါ်စမ်းစမ်းအေး (စမ်းစမ်း-မနော‌မြေ) ၏ **"မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"** နှင့် ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)၏ **"မူးယစ်အန္တရာယ် ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းယှက်"** ကဗျာတို့က ရရှိကြသည်။

**တေးသီချင်း** ပြိုင်ပွဲတွင် ဦးမျိုးမြင့်အောင်(ဟသ်ာတမျိုးအောင်) ၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"** တေးသီချင်းက ပထမ၊ ဦးသူရစိုး(စစ်သူ)၏ **"မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"** တေးသီချင်းက ဒုတိယနှင့် ကိုဇော်လင်းသိန်း (ဇော်လင်းသိန်း)၏ **"မူးယစ်ဆေးဝါးအန္တရာယ် လက်တွဲတိုက်ဖျက်ကာကွယ်"** တေးသီချင်းက တတိယဆုများ ရရှိကြပြီး အထူးဆုအဖြစ် ဦးသောင်းလွင်(ဈေးယျုတု) ၏ **"ဥာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"** တေးသီချင်းက ရရှိသည်။

**ဓာတ်ပုံ** ပြိုင်ပွဲတွင် **"မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ် ကာကွယ်စို့"** ခေါင်းစဉ်ဖြင့် ဦးအောင်မင်းဦး(အောင်မင်းဦး MCDC) က ပထမ၊ **"မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ် လက်တွဲစို့"** ခေါင်းစဉ်ဖြင့် အေးလွင်ဦး (မင်းလွင်ဦးမောင်)က ဒုတိယနှင့် မနှင်းဝတ်မှုန်အောင် (ကေသူနှင်း)က တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ပိုင်စိုးထွန်း(ပိုင်ကြီး-ရမ္မာသဥ္ဇာ)က ရရှိသည်။

**ကွန်ပျူတာပိုစတာ** ပြိုင်ပွဲတွင် ဦးမောင်မောင်ကျော်ဝင်း(မောင်မောင်ကျော်ဝင်း)၏ **"ဥာဏ်ရည်လည်းရှုံး လူညွန့်တုံးစည်းလုံးတိုက်ပစ်ထိုမူးယစ်"** က ပထမ၊ မငြိမ်းအေးသူ (မငြိမ်းအေးသူ ထ-၃ ပဲခူး) ၏ **"လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူကူညီစို့"** က ဒုတိယနှင့် ဦးအောင်စည်သူ၏ **"လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူကူညီစို့"** က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဗိုလ်ဗိုလ်ကျော်(ကျော်ကျော်-အမြင့်) ၏ **"မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"**၊ နွယ်နီထွန်း(နွယ်နီလှိုင်)၏ **"မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"** နှင့် ဒေါ်ဝါဝါဝင်း(ဝါလေး)၏ **"ဥာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ်ထိုမူးယစ်"** တို့က ရရှိကြသည်။

**ပန်းချီ မူလတန်းအဆင့်** ပြိုင်ပွဲတွင် မမေဖူးဖူးမောင် အမက(၁၁) သာကေတမြို့နယ်က ပထမ၊ မောင်လွင်သန့်ထူးအောင် ဥယျာဉ်မှူးကိုယ်ပိုင်အထက်တန်းကျောင်း မကွေးမြို့က ဒုတိယနှင့် မောင်မော်ကွန်းခန့် အမက(၇) ဖျာပုံမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်ဖြူ အထက(၁) မိုးညှင်းမြို့၊ မဆုယွန်းနွယ်မူလွန်(အောင်မင်္ဂလာ-၂) သံဖြူဇရပ်မြို့နယ်နှင့် မကေရီဇော် အမက (ငွေးပင်) ကျောက်တန်းမြို့နယ်တို့က ရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မမိရွှေရည်ဖူးပွင့် အထက (၉) မော်လမြိုင်မြို့က ပထမ၊ မဇင်ပြည့်ဖြိုးသူ အထက(၃) ဗဟန်းမြို့နယ်က ဒုတိယနှင့် မသက်ဝေဝေကို အထက(၁) မိုးကောင်းမြို့က တတိယဆု များရရှိကြပြီး အထူးဆုများအဖြစ် မောင်လင်းထက်စွမ်း ကိုယ်ပိုင် ကျောင်း (ကစွန်းအင်း) မြိတ်မြို့၊ မရှင်းသန့်လင်း အထက (မြို့မ) ကျောက်တန်းမြို့နယ်နှင့် မောင်တိုးဝေလင်း မူလွန်(အေးမြသာယာ) ဖားကန့်မြို့တို့က ရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်လျှမ်းပြည့်အောင် ကောင်းစုစံပညာ့ရိပ်မွန် ရွှေပြည်သာမြို့နယ်က ပထမ၊ မောင်ရဲမွန်အောင် အထက(၁) မိုးညှင်းမြို့က ဒုတိယနှင့် မောင်ကျော်စိုးမိုးသန့် အထက(၉) မော်လမြိုင်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနန်းဟွမ်နွန်း အထက (ဆန်ဆိုင်း) တာချီလိတ်မြို့၊ မမေရီယားအထက(၉) မြစ်ကြီးနားမြို့နှင့် မယမင်းအောင် အထက(၁) စစ်ကိုင်းမြို့တို့က ရရှိကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကြီးမားသည့် စွမ်းဆောင်ရည်၏ ဝှက်ထားသော မောင်းနှင်အား

သဲဟန် (ဘန်ကောက်)

Daniel Goleman ရဲ့ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်စွမ်းဉာဏ်စ (EI-Emotional Intelligence)ကို ဒီကနေ့ လုပ်ငန်းခွင်အတော်များများမှာ တွင်တွင်ကျယ်ကျယ် အလေးပေးလာကြပြီဆိုတာ သိကြမှာပါ။ EI ရဲ့ အစိတ်အပိုင်းတွေထဲက “မိမိကိုယ်မိမိ အမှန်မြင်အောင် သတိပြုဆင်ခြင်နိုင်စွမ်းနဲ့ ကိုယ်ချင်းစာနာမှု” ဟာ ကြီးမားသော စွမ်းဆောင်ရည်ရဲ့ ဝှက်ထားတဲ့ မောင်းနှင်အားလို့ စာရေးသူက အခိုင်အမာ ကောက်ချက်ချချင်ပါတယ်။ လုပ်ငန်းခွင်မှာ EI ရဲ့ အရေးပါမှုကို သုတေသနပြုလုပ်တဲ့ စာတမ်းအတော်များများကို သုံးသပ်ကြည့်ရင် လူကောင်းဆိုတာ စိတ်ခံစားမှုထိန်းချုပ်နိုင်တဲ့ အသိဉာဏ်နဲ့ ကိုယ်ချင်းစာနာစိတ်ရှိသူ လို့တောင် ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုလာကြပါပြီ။

### ခေါင်းဆောင်တစ်ဦးရဲ့ စိတ်ခံစားချက်နဲ့အမူအကျင့်

ခေါင်းဆောင်တစ်ဦးရဲ့ စိတ်ခံစားချက်နဲ့ အမူအကျင့်ဟာ သူနဲ့ဆက်နွယ်နေသူ လူအားလုံး၊ အဖွဲ့အစည်း၊ အသိုက်အမြုံတစ်ရပ်လုံးကို ရိုက်ခတ်စေတဲ့သူ့အဖွဲ့အစည်းက ဘာလဲ၊သူကဘာလဲဆိုတာကို မီးမောင်းထိုးပြနေတယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။

သံချေးတက်စိတ်ဓာတ်၊ ညစ်ထေးနေတဲ့၊ ရက်စက်တဲ့ခေါင်းဆောင်မှုအောက်က အဖွဲ့အစည်းဟာ အဆိပ်သင့်အဖွဲ့အစည်းသာဖြစ်ပြီး ဒီအဖွဲ့အစည်းအရှုံးပေါ်မလား၊မြတ်မလားဆိုတာကလည်း ခေါင်းဆောင်နဲ့ နောက်လိုက်များရဲ့ အကောင်းအဆိုး မောင်းနှင်အားအပေါ် မူတည်နေပါတယ်။

### အမြဲတမ်းစီးဆင်းနေတဲ့ လျှပ်စီးကြောင်းများနဲ့ ဝိုင်ယာကြိုးများ

စိတ်ခံစားမှုကို မထိန်းချုပ်နိုင်ဘဲ လွှတ်ပေးလိုက်တာ၊ ဒေါသပေါက်ကွဲတာဟာ မြင်းဇက်ကြိုး မထိန်းနိုင်တော့သလိုမျိုး ပရမ်းပတာတွေဖြစ်စေတာကို ခေါင်းဆောင်လုပ်သူတွေ သတိချပ်ရမှာပါ။ စိတ်ခံစားမှုအသိဉာဏ်ဟာ ကြီးမားသောစွမ်းရည်ရဲ့ ဝှက်ထားတဲ့ မောင်းနှင်အားပဲ ဖြစ်ပါတယ်။ စိတ်ခံစားမှုထိန်းချုပ်နိုင်စွမ်း၊ အသိဉာဏ်နဲ့ ကိုယ်ချင်းစာနာမှုဟာ အဓိကရ ချိတ်ဆက်နေတဲ့ သံကြိုးကွင်းဆက်အဖြစ် မရှိမဖြစ် အရေးကြီးတာကို အလုပ်အမှုဆောင်တွေဆီက မကြာခဏကြားနေရတဲ့ တုံ့ပြန်ချက်ရယ်လို့ သုတေသနပြုချက်တွေမှာ ဖတ်ရပါတယ်။

ဒီသံကြိုးကွင်းဆက်ဟာ ဝိုင်ယာကြိုးထဲ လျှပ်စစ်စီးဝင်နေတဲ့သဘော၊ စီးဆင်းနေတဲ့ စွမ်းဆောင်ရည်များအဖြစ် လုပ်ငန်းအောင်မြင်မှု မောင်းနှင်အားများလို့လည်း ဆိုနိုင်ပါတယ်။ ထောင်နဲ့ချီတဲ့ အမှုဆောင်လူကြီးတွေဆီကနေ ခေါင်းဆောင်မှုစနစ်မျိုးစုံကို သုတေသနပြုလုပ်ထားတဲ့ Hay Group စစ်တမ်းကောက်ချက်ထဲမှာ Top Down နဲ့ Bottom Up ဖြစ်တဲ့ ခေါင်းဆောင်ဆီက စွမ်းဆောင်ရည်တွေကို အောက်ခြေသို့ ချပြမှု၊ အောက်ခြေက လက်တွေ့ဆောင်ရွက်ချက် အခြေအနေမှန်တွေကို အထက်သို့ ပြန်လည်တင်ပြမှုကို အမြဲတမ်းစီးဆင်းနေတဲ့ လျှပ်စီးကြောင်းတွေနဲ့ ဝိုင်ယာကြိုးတွေလို့ ဖော်ပြထားပါတယ်။ EI ကင်းမဲ့နေတဲ့ ခေါင်းဆောင်ရဲ့ အထိန်းအကွပ်မဲ့ စိတ်ခံစားမှုဟာ မညှာမတာ အလျင်အမြန် ကူးစက်ပျံ့နှံ့သွားတဲ့ အဆိပ်လိုပဲ လုပ်ငန်းနဲ့အဖွဲ့အစည်းကို အထိနာစေတာ တွေ့ရပါတယ်။

### စိတ်ခံစားမှု ရင့်ကျက်တဲ့ ခေါင်းဆောင်ဆိုရာဝယ်

စိတ်ခံစားမှုရင့်ကျက်တဲ့ ခေါင်းဆောင်တွေကတော့ အကောင်းမြင်တတ်၊ စစ်မှန်၊ စွမ်းအားပြည့်တဲ့ စိတ်ခံစားမှုမျိုးကို အမြဲတမ်းတစိုက်မတ်မတ်ဖြစ်အောင် အကြိမ်ကြိမ်လေ့ကျင့်ထားပုံပေါ်ပါတယ်။ တကယ်တော့ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ထိန်းချုပ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ စိတ်ကိုကျင့်တာ အခက်အခဲဆုံးသော စိန်ခေါ်မှုပါ။ တစ်ဦးရဲ့ စိတ်ခံစားမှုဟာ နောက်တစ်ဦးအပေါ် ဘယ်လိုဆိုးကျိုးသက်ရောက်သလဲဆိုတာကတော့




**❂ “နောက်လိုက်ကောင်းမှသည် ခေါင်းဆောင်ကောင်းဆီသို့” ဆိုတဲ့ ဆောင်ပုဒ်ကို ကိုးကားထားတဲ့သူတွေ အများကြီးပါ။ Road Map လမ်းပြမြေပုံမှာ ခေါင်းဆောင်ကောင်းဖြစ်ဖို့ သူများပြောတာကို ကောင်းကောင်းနားထောင်ပေးသူ ဖြစ်ရပါမယ်တဲ့။ နားထောင်နေချိန်ဟာ လေ့လာနေတာပဲ။ လေ့လာတဲ့အခါ ဆုံးဖြတ်ချက်ကောင်းကောင်း ချမှတ်နိုင်လိမ့်မယ်။ ဆုံးဖြတ်ချက်ကောင်းကောင်း ချနိုင်သူဟာ ပိုကောင်းတဲ့ ခေါင်းဆောင်ကောင်း ဖြစ်လာတာပါပဲ**

ချိန်ခွင်လို တိုင်းတာတွက်ချက်ဖို့ ခက်ပါတယ်။

### စိတ်ခံစားမှုအခြေခံတဲ့ ခေါင်းဆောင်မှုရဲ့ဆိုးကျိုး

စိတ်ခံစားမှုအခြေခံတဲ့ ခေါင်းဆောင်မှုဟာ အဖွဲ့အစည်းကို တိုက်ရိုက်ထိခိုက်နိုင်သလို သူ့ရဲ့ ဗီဇအမူအကျင့်တွေကို သူချမှတ်ထားတဲ့ လူအများ လိုက်နာဖို့ စည်းကမ်းဘောင်ဝင်အောင် (Self-regulation) သူကိုယ်တိုင် ညှိနှိုင်းချိန်ဆပြုပြင်ဖို့ လိုပါတယ်။

ရက်စက်ရိုင်းစိုင်း ကောက်ကျစ်တဲ့ အလုပ်ရှင်တွေ၊ ခေါင်းဆောင်တွေဟာ အလုပ်မဖြစ်တော့ဘဲ သူ့လုပ်ငန်းခွင်ကို တဖြည်းဖြည်း လောင်ကျွမ်းပျက်စီးစေတော့မှာပါ။ လုပ်ဖော်ကိုင်ဖက်တွေ၊ လက်အောက်ဝန်ထမ်းတွေ စိတ်ဖိစီးပြီး အဆိပ်သင့်တဲ့ စိတ်ခံစားမှုတွေ ပျံ့နှံ့သွားတော့မှာပဲ ဖြစ်ပါတယ်။

### ရှင်လန်းတဲ့ ခေါင်းဆောင်၊ ရှင်လန်းတဲ့ နောက်လိုက်ဆိုရာဝယ်

**ဦးဆောင်သူကိုယ်တိုင် စိတ်ရှင်လန်းတက်ကြွနေရင် သူ့နားက လူအားလုံးမှာပါ အပြုသဘော အလင်းတွေထွန်းလင်းပြီး အကောင်းမြင်စိတ်တွေ တီထွင်စမ်းသပ်မှုတွေနဲ့ ပန်းတိုင်ရောက်အောင် သွားကြမှာပါ။ Aristotle က ဘာပြောသလဲဆိုရင် နောက်လိုက်ကောင်း မဟုတ်တဲ့သူဟာ ဘယ်တော့မှ ခေါင်းဆောင်ကောင်းဖြစ်လာမှာ မဟုတ်ပါဘူးတဲ့။ ရှင်လန်းတဲ့ ခေါင်းဆောင်၊ ရှင်လန်းတဲ့ နောက်လိုက်နဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်ရတဲ့အခါ စွမ်းဆောင်ရည် ပြည့်လာမှာ ဖြစ်ပါတယ်။**

၁၉၉၉ ခုနှစ် Cornell တက္ကသိုလ်က Alice Isen ပြုစုတဲ့ သုတေသနစာတမ်းမှာ "Upbeat Environment Foster Mental Efficiency" လို့ ရေးထားတာလေးကို သဘောတွေ့မိပါတယ်။ ပျော်ပျော်ရွှင်ရွှင်၊ စိတ်ချမ်းချမ်းသာသာ အလုပ်လုပ်ရတဲ့ ပတ်ဝန်းကျင်မှာ မျှော်လင့်ချက်တွေအပြည့်နဲ့ စိတ်စွမ်းအားတွေပြည့်ပြီး လုပ်ရည်ကိုင်ရည် တိုးတက်ကောင်းမွန်တာတွေ့ရတယ်လို့ သုတေသနပြုလုပ်တာ တွေ့ရှိထားပါတယ်။

### လူငယ်များသို့

ကျွန်တော်တို့၊ ကျွန်မတို့ အနာဂတ်ပျောက်နေပါတယ်လို့ လာပြောကြတဲ့ လူငယ်တွေကိုအားပေးချင်ပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေ၊ တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေပါ။ ခေါင်းဆောင်မှုဆိုင်ရာသင်တန်းတွေ အများကြီးပဲ။ ဒါပေမယ့် နောက်လိုက်သင်တန်းလို့တော့ မကြားမိပါ။

**“နောက်လိုက်ကောင်းမှသည် ခေါင်းဆောင်ကောင်းဆီသို့”**ဆိုတဲ့ ဆောင်ပုဒ်ကို ကိုးကားထားတဲ့ သူတွေ အများကြီးပါ။ Road Map လမ်းပြမြေပုံမှာ ခေါင်းဆောင်ကောင်းဖြစ်ဖို့ သူများပြောတာကို ကောင်းကောင်းနားထောင်ပေးသူ ဖြစ်ရပါမယ်တဲ့။ နားထောင်နေချိန်ဟာ လေ့လာနေတာပဲ။ လေ့လာတဲ့အခါ ဆုံးဖြတ်ချက်ကောင်းကောင်း ချမှတ်နိုင်လိမ့်မယ်။ ဆုံးဖြတ်ချက်ကောင်းကောင်း ချနိုင်သူဟာ ပိုကောင်းတဲ့ ခေါင်းဆောင်ကောင်း ဖြစ်လာတာပါပဲ။

Mahatma Gandhi က ဘာပြောလဲဆိုရင် **“ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အမှတ်လက္ခဏာဟာ။ သူ့မှာ နောက်လိုက်ဘယ်နှယောက်ရှိလဲလို့ ဆိုလိုတာမဟုတ်။ သူဟာ ခေါင်းဆောင်သစ်၊ ခေါင်းဆောင်ကောင်း ဘယ်နှယောက်မွေးထုတ်ပေးနိုင်သလဲလို့သာ ဆိုလိုခြင်းဖြစ်တယ်”**လို့ ပြောပါတယ်။

**“မင်းရဲ့လုပ်ဆောင်ချက်တွေကနေ ဘယ်လိုရလဒ် အသီးအပွင့်တွေ ရလာမလဲဆိုတာ ဘယ်သိနိုင်ပါ့မလဲ။ ဒါပေမယ့် သေချာတာတစ်ခုကတော့ မင်းဘာမှမလုပ်ရင် ဘာမှကို ဖြစ်လာမှာမဟုတ်ဘူး။ ဘာအသီးအပွင့်မှ ခံစားရမှာ မဟုတ်ဘူး”**တဲ့။ ဒါလည်းပဲ Mahatma Gandhi ပြောခဲ့တဲ့ စကားပါပဲ။

### ကိုယ့်ဘာသာမေးရမယ့် မေးခွန်း ငါးခု

ဒီတော့ လူငယ်များကို မှာချင်ပါတယ်။ မေးခွန်း ငါးခု ကိုယ့်ဘာသာ မေးကြည့်ကြပါလို့။

**(၁) မင်းဘယ်သူဖြစ်ချင်တာလဲ၊ ဘယ်လိုလူ ဖြစ်ချင်တာလဲ။**

မင်းကိုယ်မင်း အဆင့်မြင့်ခေါင်းဆောင်တစ်ဦး ရယ်လို့ စိတ်ကူးကြည့်လိုက်ပါ။ မင်းဘာမြင်လဲ။ ခေါင်းဆောင်ကောင်းဆိုတာ ဘယ်လိုလူလဲလို့ မြင်အောင်ကြည့်ကြည့်စမ်းပါ။ မင်းရဲ့ စိတ်ခံစားမှုဟာ ပေါက်ကွဲထွက်လာရင် တခြားသူတွေကို ထိခိုက်နစ်နာစေသလား။ စိတ်ကူးထဲမှာ မြင်ကြည့်လိုက်စမ်းပါ။ နောင်ဆယ်နှစ်မှာ မင်းဘယ်ရောက်နေမှာလဲ၊ ဘယ်လိုစတိုင်မျိုးနဲ့ မင်းစီမံခန့်ခွဲမလဲ။ ဒေါသနဲ့ကြိမ်းမောင်းတတ်သူလား၊ရက်စက်သူလား၊ ကုန်းချောသူလား၊ အငြိုးကြီးသူလား၊ အထက်ကိုဖား၊ အောက်ကိုဖိတဲ့ ဆီမီးခွက် ကချေသည်လား၊ နောင်ဆယ်နှစ်မှာ မင်းဖြစ်ချင်တဲ့သူက ဘယ်လိုလူမျိုးလဲ မှန်းဆကြည့်လိုက်စမ်းပါ။

**(၂) မင်းအခု ဘယ်သူလဲ။**

အခု မင်းဘယ်သူလဲဆိုတာ ပြန်ကြည့်လိုက်ပါ။ အချိန်တွေ ဖြုန်းနေတာလား။ ဂိမ်းစွဲနေတာလား၊ အရက်မူးနေတာလား၊ ဆေးစွဲနေတာလား၊ မင်းဘာလုပ်မလဲပြော။ ပညာဆက်သင်မှာလား။ အလုပ်လုပ်မှာလား။ အလုပ်လုပ်ရင်း ပညာသင်မှာလား။ စိတ်လေနေသလား။ ဝေခွဲမရဘူးလား။

မင်းရဲ့အနေအထိုင်ကို သူများတွေက ဘယ်လိုမြင်သလဲ တီးခေါက်ကြည့်လိုက်ပါ။ မင်းအခု ခေါင်းဆောင်ဖြစ်နေပြီလား။ နောက်လိုက်ကောင်းလား။ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်၊ ဆရာသမား၊ လက်အောက်ငယ်သားတွေ မင်းကို ဘယ်လိုမြင်နေကြသလဲ၊ ၃၆၀ ဒီဂရီ တစ်ပတ်လှည့်ကြည့်လိုက်စမ်းပါ။ မင်းပိန်းနေသလား၊ မောဟ အမှောင်မိုက်တွေ ဖုံးနေသလား။ သူများတွေရဲ့ တုံ့ပြန်ချက်တွေ ကြားရလို့ စိတ်ဓာတ်ကျ၊ စိတ်အားငယ်သွားလား၊ ဒေါသနဲ့ ပေါက်ကွဲလား၊ ဝေဖန်သူကို ငြိုးထား၊ အာဃာတထားနေမိသလား။ မင်းရဲ့အားနည်းချက်၊ အားသာချက်တွေကို ပြန်စစ်ပါ။ အားတင်းပါ။ ရှေ့ဆက်လျှောက်ဖို့ ပြင်ပါ။

**(၃) အခုကနေ မင်းဖြစ်ချင်တဲ့သူဖြစ်ဖို့ ဘယ်လိုသွားမလဲ။**

မင်းအခု ရောက်နေတဲ့ နေရာကနေ မင်းဖြစ်ချင်တဲ့သူဆိုတဲ့ ကွာဟချက်ကို ဘယ်လိုဆွဲစိမှာလဲ။ မင်းကို တုံ့ပြန်ကြတဲ့ ၃၆၀ ဒီဂရီ ဝေဖန်မှုတွေ အားလုံးအကောင်းချည်း၊ အမှန်ချည်းလို့တော့ မထင်လိုက်ပါနဲ့။ မင်းရဲ့ညဉ့်ဆိုး၊ စရိုက်ဆိုး၊ အမူအရာဟောင်းတွေကို ဘယ်လိုဖျောက်မလဲ။ စိတ်ဓာတ်မကျပါနဲ့။ စိတ်ခွန်အားသစ်တွေ ဘယ်လိုမွေးမလဲ။ ကိုယ့်ကိုယ်ကိုယ် အားပေးပါ။ ဘယ်လို ဆက်လျှောက်မလဲ။ အနှေးယာဉ်လား အမြန်ယာဉ်လား၊ လှေကားနဲ့ တက်မှာလား၊ ရှေ့ဆက်ဖို့သာ စဉ်းစားပါ ငှဲညီ။

*စာမျက်နှာ ၁၁ သို့*

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေနံမြေသခင်ဖိုးလှကြီးဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

မကွေး ဇွန် ၂၁

**၂၀၂၄ ခုနှစ် ရေနံမြေသခင်ဖိုးလှကြီးဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သန်းနိုင်ညွန့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။**




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်မြို့မှ ရွှေပြည်သာ FC ဘောလုံးအသင်းနှင့် မကွေးမြို့ခံအသင်းဖြစ်သည့် မကွေးမြို့မ FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ မကွေးမြို့မ FC ဘောလုံးအသင်းက ရွှေပြည်သူ FC ဘောလုံးအသင်းအား နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုရရှိသူအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်သူဦးကလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုရရှိသူအား လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က လည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသူအား သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး ကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူအား စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက လည်းကောင်း ဆုကလပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဆုရရှိသော ရွှေပြည်သာ FC ဘောလုံးအသင်းအား တစ်ဦးချင်းဆုဆွဲပြားကို မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သန်းနိုင်ညွန့်ကလည်းကောင်း၊ ငွေသားဆု ၇၅ သိန်းကို အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦးက လည်းကောင်း ဆုများချီးမြှင့်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ပထမဆုရရှိသည့် မကွေးမြို့မ FC ဘောလုံးအသင်းအား တစ်ဦးချင်းဆုဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆု သိန်း ၁၀၀ ကို ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် ရေနံမြေ သခင်ဖိုးလှကြီးဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို မကွေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးများမှ စုစုပေါင်း အသင်း ၂၄ သင်းက မေ ၂၅ ရက်မှ ဇွန် ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**အောင်ကို (ဖန်ခါးမြေ)**

---

## စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး

စလင်း ဇွန် ၂၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို မင်းဘူး-စလင်းသွားကားလမ်းမပေါ်ရှိ မီးပွိုင့်လမ်းဆုံ၌ ဇွန် ၁၇ ရက်က ကျင်းပသည်။

ဦးစွာ စလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး မိုးဝေယံမြင့်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သူနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

---

*စာမျက်နှာ ၁၀ မှ*

**(၄) မင်းဘယ်လို အပြောင်းအလဲတွေ လုပ်မှာလဲ။**

အကျင့်ဟောင်းတွေ၊ အဖြစ်ဟောင်းတွေ ဘယ်လိုပဲ ရှိခဲ့ပါစေ။ ဒါတွေဟာ ပြောင်းလဲလို့ရတယ်ဆိုတာ ယုံကြည်ပါ။ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အပြုအမူသစ်တွေ၊ လူကောင်းသူကောင်းစိတ်တွေ အလိုလိုအကျင့်ပါလာအောင် ထပ်တလဲလဲ လေ့ကျင့်ဖို့က မင်းအပေါ်မှာပဲ တည်တာပဲ။ အားတင်းထားနော်။ ဇွဲမလျှော့နဲ့။ Bulldog Mentality ဆိုတာ မင်းကြားဖူးလား။ ခွေးဘီလူးလေးကို အမဲရိုးပေးကြည့်၊ လက်မလွတ်တန်း၊ သဲကြီးမဲကြီးကိုက်တာ။ ဘယ်တော့မှ အရှုံးမပေးဘူး။ ဘယ်တော့မှ နောက်မဆုတ်ဘူး။ အရက်ဖြတ်ချင်တဲ့၊ ဆေးဖြတ်ချင်တဲ့ လူငယ်တွေ ခွေးဘီလူးလို စိတ်ခိုင်မာဖို့ သိပ်အရေးကြီးတယ်။ မင်းကို သူများဘယ်လိုပဲ တိုက်ခိုက်ပါစေ၊ အပုပ်ချပါစေ၊ ကိုယ်လုပ်ရမယ့်အလုပ်ကို အခက်အခဲကြားကနေ ဖြစ်အောင်လုပ်တာ၊ ပြီးအောင်လုပ်တာ Bulldog Mentality ပဲ။

**(၅) မင်းပြောင်းလဲအောင် ဘယ်သူတွေက ကူညီနိုင်သလဲ။**

မင်းကို စိတ်ဓာတ်ခွန်အားပေးမယ့် ဆွဲတင်ပေးမယ့် အဖော်ကောင်းလိုပြီ။ မင်းကို အောက်ဆွဲချမယ့် အသိုင်းအဝိုင်းကိုတော့ ဝေးဝေးရှောင်တော့။ ဘယ်သူဟာ မင်းပြောင်းလဲအောင်၊ တိုးတက်အောင် စေတနာ ရှိ၊ မရှိ ဆိုတာကတော့ ချင့်ချိန်ရွေးနိုင်ဖို့ လိုလိမ့်မယ်။ လူတွေနဲ့ ယုံကြည်မှုတည်ဆောက်ဖို့ လိုသလို၊ တစ်ဖက်မှာလည်း ကောက်ကျစ်သူတွေ၊ နောက်ကျောဓားနဲ့ထိုးမယ့်သူတွေ ရှိတတ်တယ်ဆိုတာ မမေ့နဲ့။

ကလျာဏမိတ္တ အဖော်ကောင်းလိုလာပြီ။ စိတ်ခွန်အားမြင့်တက်စေဖို့ စိတ်လေ့ကျင့်ခန်းလုပ်ဖို့ လိုတယ်။ သူတော်ကောင်းကို ဆည်းကပ်ပါ။ မင်းဟာ ဗုဒ္ဓဘာသာဆိုရင် ရတနာသုံးပါး၊ ဂုဏ်တော်ပွား၊ မေတ္တာပွားတာ လေ့ကျင့်ပါ။ ကရုဏာစိတ်၊ မုဒိတာစိတ်တွေထားနိုင်အောင် ကြိုးစားပါ။ အနည်းဆုံး ဘုရားဂုဏ်တော် တစ်ပါးပါး၊ အရဟံဖြစ်စေ၊ ဗုဒ္ဓေါဖြစ်စေ၊ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ၊ သံဃံသရဏံဂစ္ဆာမိဖြစ်စေ၊ နမောတဿ၊ ဘဂဝတောဖြစ်စေ၊ စိတ်ထဲကနေ ထုံနေအောင်ရွတ်ပါ။ ပွားပါ။ မင်းဟာ တခြားဘာသာ ကိုးကွယ်သူဆိုရင်လည်း မင်းယုံကြည်ကိုးကွယ်ရာ ဘုရားရှေ့မှာ ဒူးထောက်ပြီး မကောင်းတာ ဘာတစ်ခုမှ မလုပ်မိအောင် နှုတ်၊ လျှာ၊ ပါးစပ်၊ ခြေလက်များ ထိန်းသိမ်းပေးဖို့ ဘုရားကို အပ်နှံဆုတောင်းပါ။ ဒါဟာ စိတ်ပိုင်းဆိုင်ရာ ခွန်အားဖြစ်မယ့် အားဆေးတွေပါ။

> **❖ ဦးဆောင်သူကိုယ်တိုင် စိတ်ရွှင်လန်းတက်ကြွနေရင် သူ့နားကလူအားလုံး မှာပါ အပြုသဘော အလင်းတွေထွန်းလင်းပြီး အကောင်းမြင်စိတ်တွေ တီထွင်စမ်းသပ်မှုတွေနဲ့ ပန်းတိုင်ရောက်အောင် သွားကြမှာပါ။ Aristotle က ဘာပြောသလဲဆိုရင် နောက်လိုက်ကောင်းမဟုတ်တဲ့ သူဟာ ဘယ်တော့မှ ခေါင်းဆောင်ကောင်းဖြစ်လာမှာ မဟုတ်ပါဘူးတဲ့။ ရွှင်လန်းတဲ့ခေါင်းဆောင်၊ ရွှင်လန်းတဲ့နောက်လိုက်နဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်ရတဲ့အခါ စွမ်းဆောင်ရည်ပြည့်လာမှာ ဖြစ်ပါတယ်**

**EI မှာလည်း Social Skill ဟာ မရှိမဖြစ်အရေးပါ**

ကိုင်း… အခု လုပ်ငန်းခွင်စွမ်းဆောင်ရည်ကို ပြန်ကြည့်ရအောင်ပါ။ ဘယ်အလုပ်၊ ဘယ်ပတ်ဝန်းကျင်မှာပဲရှိရှိ စိတ်ခံစားမှုကို ဦးစားမပေးဘဲ EI ခေါ်တဲ့ စိတ်ခံစားမှုအသိဉာဏ်ရင့်ကျက်အောင် ကြိုးစားနိုင်ဖို့က အဓိကကျပါတယ်။ တိုးတက်မှုရှိအောင် တစ်ယောက်တည်းနဲ့ မလုံလောက်ပါဘူး။ Social Skill ခေါ်တဲ့ အပေါင်းအသင်း၊ အဖွဲ့အစည်းနဲ့ ဆက်ဆံတတ်၊ နေတတ်ဖို့ လိုပါတယ်။ Gandhi က ဘာပြောသလဲဆိုတော့ ခေါင်းဆောင်မှုဆိုတာ တစ်ချိန်ချိန်တုန်းက ကြွက်သားတွေလို့ ငါမှတ်ယူခဲ့မိတာ။ ဒါပေမယ့် ဒီနေ့အချိန်မှာတော့ လူအများနဲ့ တည့်အောင်ပေါင်းသင်းဆက်ဆံခြင်းလို့ ပြောရမယ်တဲ့။ Danial Goleman ရဲ့ EI မှာလည်း Social Skill ဟာ မရှိမဖြစ် အရေးပါလာပါတယ်။

လူအများနဲ့၊ အသင်းအဖွဲ့နဲ့ သဟဇာတဖြစ်အောင် နေတတ်ပြီး အမြင်ချင်းဖလှယ်ဖို့ ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားခြင်းတွေဟာလည်း စွမ်းဆောင်နိုင်မှု အားကောင်းစေဖို့ မြှုပ်ကွက်၊ ဝှက်ဖဲ၊ မောင်းနှင်အားလို့ဆိုရင် လုံးဝမမှားနိုင်ပါဘူး။

**အကောင်းမြင်တတ်ဖို့ သိပ်အရေးကြီး**

ဒီမြှုပ်ထားတဲ့ ဝှက်ဖဲတွေထဲမှာ အကောင်းမြင်တတ်ဖို့ သိပ်အရေးကြီးပါတယ်။ အင်္ဂလိပ်စကား Idiom စကားဆန်းမှာ A Glass–Half Full ဖန်ခွက်ထဲမှာ နွားနို့တစ်ဝက်တောင် ရှိနေတာပဲဆိုတာ အကောင်းမြင်စိတ်နဲ့ကြည့်တာ၊ ရွှင်လန်းစိတ်နဲ့ ကြည့်တာ၊ အနာဂတ်အတွက် မျှော်လင့်ချက်အပြည့်အားအင်အပြည့်ပေါ့၊ A Glass–Half Empty ဆိုတာကတော့ ဟာ ဖန်ခွက်ထဲမှာ တစ်ဝက်တောင် မကျန်တော့ဘူး၊ ကုန်ပါပြီကွာလို့ အပြစ်တင်စိတ်၊ အဆိုးမြင်စိတ်နဲ့ကြည့်တာ။ ရွှင်လန်းမှုတွေ၊ မျှော်လင့်ချက်တွေ ကင်းမဲ့နေတာ။

ကြီးမားသော စွမ်းဆောင်ရည်ရှိဖို့ အပြုသဘောဆောင်သော စိတ်သဘောထားနဲ့ ကြိုးပမ်းမှု ဒီနှစ်ခုပေါင်းစပ်ဖို့ လိုပါတယ်။ ကြီးမားသော စွမ်းဆောင်ရည်ဟာ ကံကောင်းခြင်း၊ မကောင်းခြင်းနဲ့လည်း မဆိုင်ပါဘူး။ စိတ်နှလုံးသားရယ်၊ စာနာစိတ်ရှိမှုရယ်၊ ကြိုးစားအားထုတ်မှုရယ်၊ အာရုံစူးစိုက်မှုတွေ၊ လုပ်ချင်ကိုင်ချင်တဲ့ စေတနာ သဒ္ဓါတရားတွေ ပေါင်းစပ်ဖို့ လိုပါတယ်။

Aristotle က အလုပ်ထဲမှာ ပျော်ရွှင်ခြင်းဟာ အလုပ်ကို ရလဒ်အကောင်းဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်နေတာလို့ ပြောပါတယ်။ အလုပ်ထဲမှာ ပျော်ရွှင်နိုင်ဖို့ ခေါင်းဆောင်ရော နောက်လိုက်ရော ဒေါသပေါက်ကွဲမှု၊ စိတ်ခံစားမှုတွေကို ထိန်းချုပ်နိုင်ဖို့ လိုပါတယ်။

**ဝှက်ထားတဲ့မောင်းနှင်အားများ**

Daniel Goleman ရဲ့ ‘မူလဘူတ ခေါင်းဆောင်မှု’ မှာ EI စိတ်ခံစားမှု အသိဉာဏ်ရင့်သန်ခြင်းနဲ့ ကိုယ်ချင်းစာနာမှုရှိခြင်းဟာ ကြီးမားသော စွမ်းဆောင်ရည်ရှိဖို့ ဝှက်ထားတဲ့ မောင်းနှင်အားများပဲ ဖြစ်ပါတယ်။

Self–Awareness ဆိုတဲ့ မိမိကိုယ်မိမိ အမှန်အတိုင်း၊ အရှိအတိုင်း မြင်အောင်ကြည့်တတ်ဖို့ဆိုတာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဝိပဿနာကျင့်စဉ်ပါပဲ။ ဒေါသဖြစ်နေသလား၊ စိတ်လေစိတ်လွင့် စိတ်ကူးအချောင်နေနေသလား၊ မနာလိုစိတ်ဖြစ်နေသလား၊ အဘိဇ္ဈာဖြစ်နေသလားဆိုတာ ကိုယ့်စိတ်ကိုယ်စစ်တဲ့ စိတ္တာဝိပဿနာ ပွားတာပါပဲ။

Empathy ဆိုတဲ့ ကိုယ်ချင်းစာတတ်ဖို့ဆိုတာဟာလည်း မြတ်ဗုဒ္ဓဟောကြားတဲ့ ဗြဟ္မစိုရ်တရားပါပဲ။ မေတ္တာထားဖို့၊ ကိုယ်ချင်းစာတတ်ဖို့၊ ကရုဏာထားဖို့၊ မုဒိတာပွားဖို့ဆိုတာတွေ နှစ်ပေါင်း ၂၆၀၀ ကတည်းက ရှိခဲ့တဲ့တရားတွေမို့ အနောက်တိုင်း စိတ်ပညာရှင် Daniel Goleman ရဲ့ စိတ်ခံစားမှု အသိဉာဏ်သီဝရီဟာလည်းပဲ ဗြဟ္မစိုရ်တရားကနေ မြစ်ဖျားခံထားတာလို့ဆိုရင် မှားမယ်မထင်ပါဘူး။

ဒါကြောင့် မိမိကိုယ်မိမိ အရှိအတိုင်း ပစ္စုပ္ပန် တည့်တည့်မှာ ဘာဖြစ်နေသလဲဆိုတဲ့ အမှန်မြင်အောင် သတိကပ်စောင့်ကြည့်ခြင်း ဝိပဿနာနဲ့ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ကရုဏာ၊ မုဒိတာ တရားများဟာ ကြီးမားသော စိတ်စွမ်းရည်ရဲ့ ဝှက်ထားသော မောင်းနှင်အားများဖြစ်တယ်လို့ စာရေးသူကတော့ အခိုင်အမာပြောကြားချင်ပါတယ်။ ။

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်စံကျောင်းတော်သစ် နှစ် (၆၀) ပြည့်ဖွင့်ပွဲသို့ တက်ရောက်ပူဇော်

နေပြည်တော် ဇွန် ၂၁

**တရုတ်ဗုဒ္ဓဘာသာအသင်းကြီး၏ ဖိတ်ကြားချက်အရ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အဂ္ဂသာမိနှင့် ဆရာတော်သုံးပါးတို့ပါဝင်သောအဖွဲ့သည် နှစ်(၆၀)ပြည့်လင်ကွမ်းဗုဒ္ဓစွယ်တော် တိုက်သစ်ဆောက်လုပ်ပြီးစီးသည့် ဖွင့်ပွဲအခမ်းအနားသို့ ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ တက်ရောက်ပူဇော်ကြသည်။**




ဖွင့်ပွဲအခမ်းအနားသို့ ဗုဒ္ဓဘာသာဝင် ကမ္ဘောဒီးယား၊ ကိုရီးယား၊ လာအို၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆရာတော်၊ သံဃာတော်များနှင့် အဖွဲ့ဝင်များ အင်အား ၇၀ ခန့်နှင့် တရုတ်ပြည်မှ ဗုဒ္ဓဘာသာဝင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တရုတ် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်ကြီး Most.Ven. YANJUE က နိုင်ငံအသီးသီးမှအဖွဲ့ဝင်များကို အဖွဲ့လိုက် သီးခြားတွေ့ဆုံနှုတ်ဆက်ကာ ဓမ္မပဏ္ဏာများ ပေးအပ်ချီးမြှင့်၍ နိုင်ငံများအချင်းချင်း ဗုဒ္ဓဘာသာသာသနာတော်အား ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ပူးပေါင်းဆောင်ရွက်ကြရန် မိန့်ကြားသည်။

ဒုတိယဥက္ကဋ္ဌဆရာတော်၊ ဗုဒ္ဓစွယ်တော်တိုက် ပဓာနဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Most. Ven.Zhan Chan ဦးစီး၍ နှစ်(၆၀)ပြည့် ဗုဒ္ဓစွယ်တော်တိုက်သစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံအသီးသီးမှ သံဃာတော်အဖွဲ့များက ဗုဒ္ဓစွယ်တော်အား ဘုရားအနေကဇာတင်ခြင်း၊ ကမ္ဘာကြီး ငြိမ်းချမ်းရေး ဆုတောင်းမေတ္တာပို့သခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ ဗုဒ္ဓစွယ်တော်နှင့် စပ်လျဉ်း၍ နိုင်ငံအသီးသီးမှ ဘုရားစေတီပုံတော်များနှင့် ဗုဒ္ဓအဆိုအမိန့်များ ပါဝင်သော ချစ်ကြည်ရေးပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

မွန်းလွဲ ၂ နာရီခွဲတွင် ဗုဒ္ဓမြတ်စွယ်တော်စံကျောင်းတော်သစ်ဖွင့်ပွဲအထိမ်းအမှတ် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော နှီးနှောဖလှယ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက ဗုဒ္ဓဘာသာ အစွန့်ရှည်စွာ တည်တံ့ရေး၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအလိုက် သာသနာရေးဆောင်ရွက်ချက်များကို ဆွေးနွေးသည်။

နိုင်ငံအသီးသီးမှ အဖွဲ့ဝင်များအား ဇွန် ၂၁ ရက်တွင် လားမားဗုဒ္ဓကျောင်းတော်နှင့် ဒေသန္တရလှည့်လည်ကြည့်ရှုခြင်းများ စီစဉ်ပေးခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓစွယ်တော် (၄) ကြိမ် ဒေသစာရီကြွချီခဲ့ပြီး နောက်ထပ်တစ်ကြိမ် (၅) ကြိမ်မြောက် ကြွရောက်နိုင်ရေးလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ရှေ့ဖုံးမှ*

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဇွန် ၃ ရက်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ပြီး ကျောင်းအပ်နှံမှုတွင် အခြေခံပညာရေးကျောင်းများနည်းတူ အခမဲ့ပညာရေးစနစ်ဖြစ်၍ တိုင်းရင်းသားဒေသ များမှ ကိုရင်၊ သီလရှင်များ အထူးအားထားရာ ဖြစ်သည့်အပြင် အခြေခံပြည်သူတို့၏ သား သမီးများ အမှီပြုရာကျောင်းများအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကိုရင်နှင့် သီလရှင်များအနေဖြင့် စာပေကို အခြားသူတို့ထက် ကြိုးစားသင်ယူကြလျက်ရှိပြီး အနာဂတ်သာသနာတော်တည်တံ့ပြန့်ပွားရေးတွင် အထောက်အပံ့ဖြစ်စေလျက်ရှိကာ အဆိုပါကျောင်းများမှ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသော ဝန်ထမ်းများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၃၄ ကျောင်း ရှိတယ်။ ဦးဇင်းတို့ သာကေတမှာဆိုရင် ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း နှစ်ကျောင်းရှိတယ်။ တောင်ပေါ်ဒေသက တိုင်းရင်းသားနဲ့ မြို့နယ်တွေက ကလေးတွေ လာတက်ကြတာများတယ်။ သီလရှင်တွေဆိုရင် ရွာသာကြီးနဲ့ သန်လျင်ကလာပြီး ပညာသင်ကြားနေကြတာ။ အထက်တန်းအဆင့်ဆိုရင် ကျောင်းသား ၂၀၀ ကျော်ရှိတယ်။ သူတို့လေးတွေ ဘုန်းကြီးကျောင်းမှာသင်ကြားရင် အခက်အခဲမရှိပေမယ့် ရပ်ကွက်ထဲက အထက်တန်းကျောင်းတွေမှာ ပညာသင်ရတဲ့အခါ အခက်အခဲမျိုးစုံရှိလာတယ်။ သွားတာလာတာ၊ အခြားအရေးကိစ္စတွေနဲ့ ဆွမ်းစားချိန်ကအစပေါ့။ ကိုရင်၊ သီလရှင်တွေ မူလတန်းနဲ့ အလယ်တန်းအဆင့်ကို အောင်မြင်ပြီး အထက်တန်းအဆင့်ကို တက်ရောက်ရာမှာ အခက်အခဲရှိလာရင် ကျောင်းထွက်မယ့်သူတွေ များလာနိုင်တယ်။ အထူးသဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ကြမယ့်သူတွေ လျော့မသွားစေလိုဘူး။ ကလေးတွေပညာတတ်ပြီး နိုင်ငံ့သားကောင်းတွေ များများပေါ်ထွန်းလာအောင် တတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု သာကေတ မြို့နယ် နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းမှ ကျောင်းထိုင်ဆရာတော် ဉူးသုတဓရက မိန့်ကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်းနှင့် အထက်တန်းကျောင်း ၄၀၉ ကျောင်း၊ ပုဂ္ဂလိကကျောင်း ၃၂၄ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၄ ကျောင်းတို့ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ဆင်းရဲချမ်းသာမရွေး လူတိုင်းအရေးအဖတ်အတွက် အခြေခံပညာနှင့် ခေတ်ပညာတတ်မြောက်စေရန်၊ ပညာသင်ကြားရေးတွင် စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးလိုသည့် သားကောင်းသမီးကောင်းများ ဖြစ်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊ ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်စေရန်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သစ္စာ(mna)၊ ဓာတ်ပုံ - ဇွဲမာန်**

## မြို့သစ်မြို့နယ်၌ နွေစပါးစံကွက်တစ်ဧက ၁၅၅ တင်းကျော်ထွက်ရှိ

**မြို့သစ် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မင်းရပ်ကွက်ကွင်း အမှတ်(၂၆၀၈.ခ) တောင်သူဦးမောင်လှ၏ စိုက်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်း ဆောင်ရွက်ရာတွင် မကွေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မောင်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တောင်သူများပူးပေါင်း၍ နွေစပါး စံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်သည်။

အဆိုပါ နွေစပါးစံကွက် တစ်ဧကလျှင် အစိုထွက် ၁၇၃ ဒသမ ၁၂ တင်း၊ အခြောက်ထွက် တစ်ဧကလျှင် ၁၅၅ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်၌ နွေစပါး အများဆုံးစိုက်ပျိုးသည့် ဆာဖိုသာစပါး၊ မနောသုခစပါး၊ ဆင်းသုခရတနာတိုးစပါးမျိုးကို အဓိကစိုက်ပျိုးထားရှိပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဉာဏ်မြင့်ဦးထံမှ သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၁၉ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၁

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

စိတ်ဝင်တစားစောင့်ကြည့်ခြင်း ခံနေရသူဖြစ်သည်။ ပေါင်ဆီရီသည် မွေ့ထိုင်းပွဲ ရာနှင့်ချီ ထိုးသတ်ထားသူဖြစ်ပြီး စိုးလင်းဦးနှင့် ပြီးခဲ့သည့်နှစ်အနည်းငယ်က တွေ့ဆုံဖူးရာ သရေကျထားသည်။ ONE Championship အဖွဲ့အစည်းသည် သောကြာနေ့ညများတွင် ထိုင်းနိုင်ငံ၌ ONE Friday Fights အမည်ဖြင့် ပြိုင်ပွဲများ ဆက်တိုက်ကျင်းပလျက်ရှိပြီး ယခုနောက်ပိုင်းပွဲများတွင် မြန်မာဖိုက်တာများ၏ တွဲဆိုင်းများဆက်တိုက် ပါဝင်လာခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-One Championship**

## အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဟန္နိုင်းသို့သွားရောက်

**ဟန္နိုင်း ဇွန် ၂၁**

အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒန်နီယယ်ခရစ်တန်ဘရင့်ခ်သည် ဇွန် ၂၁ ရက်မှစ၍ ဟန္နိုင်းမြို့သို့ နှစ်ရက်ကြာ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင် ဗီယက်နမ်နိုင်ငံသို့ ခရီးစဉ်လာရောက်မှုအပြီး တစ်ရက်အကြာတွင် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ခရစ်တန်ဘရင့်ခ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာစေရန်အတွက် ဗီယက်နမ်အဆင့်မြင့်အရာရှိများနှင့်တွေ့ဆုံရန် စီစဉ်ထားကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။



ထို့ပြင် လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို - ပစိဖိတ်ဒေသ ဖြစ်ပေါ်လာစေရေး ဗီယက်နမ်နှင့် လက်တွဲလုပ်ဆောင်ရန်အတွက် ဝါရှင်တန်၏ ခိုင်မာသောကတိကဝတ်ကိုလည်း ထပ်မံအတည်ပြုမည်ဖြစ်သည်။ ခရစ်တန်ဘရင့်ခ်သည် ယခင်က ဗီယက်နမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဗီယက်နမ်ခေါင်းဆောင်များနှင့် ခိုင်မာသော ဆက်ဆံရေးရှိသည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်ကျင်းပ

**နယူးဒေလီ ဇွန် ၂၁**

ဇွန်၂၁ ရက်သည် ကုလသမဂ္ဂက သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဖြစ်သည်။ ယောဂစတင်ရာဟု ခေါ်ဆိုရမည့် အိန္ဒိယနိုင်ငံတွင် နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် ပြည်သူများပါ တစ်နိုင်ငံလုံးအနှံ့ကျင်းပသည့် ယောဂနေ့အခမ်းအနားကို ပါဝင်ဆင်နွှဲကြသည်။

ရှရီနာဂါမြို့၌ ပြုလုပ်သည့် ယောဂနေ့ အခမ်းအနားတွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ထောင်ပေါင်းများစွာသော ဒေသခံများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။ ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် သတ်မှတ်ကြေညာရန် ၂၀၁၄ ခုနှစ်တွင် ၎င်းကအဆိုပြုခဲ့သည်။ ယောဂကို တစ်ကမ္ဘာလုံးဆိုင်ရာ ကောင်းမွန်သည့် အစွမ်းထက်မှုတစ်ခုဟု ကမ္ဘာကြီးက ရှုမြင်ကြကြောင်း ယောဂပြုလုပ်ခြင်းဖြင့် အတိတ်မှ ဝန်ထုပ်ဝန်ပိုးများကို မသယ်ဆောင်ဘဲ လက်ရှိကာလတွင် နေထိုင်နိုင်ရန် ကူညီပေးကြောင်း ၎င်းကဆက်ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီကို ယောဂဝါသနာရှင်အဖြစ် အများက သိထားကြသည်။ ၎င်းသည် အခြားသော ပါဝင်သူများနှင့်အတူ တရားထိုင်ခြင်းနှင့် အသက်ရှူလေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့သည်။

အိန္ဒိယပြည်သူများသာမက တစ်ကမ္ဘာလုံးက ပြည်သူများကပါ ယောဂလေ့ကျင့်ခန်းကို ယုံကြည်ကြကြောင်း အပြည်ပြည်ဆိုင်ရာ ယောဂနေ့တွင် ပါဝင်ဆင်နွှဲသူတစ်ဦးဖြစ်သည့် ရက်ရှ်မီဆင်ဟာက ပြောသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ကအစပြုခဲ့သည့် ယောဂကို ကျန်းမာရေးအကျိုးကျေးဇူးအဖြစ် မီးမောင်းထိုးပြခြင်းဖြင့် နယူးဒေလီမြို့သည် တိုင်းပြည်ပုံရိပ်ကို မြှင့်တင်နေသည်ဟု ယုံကြည်ရသည်။ **အင်န်အိတ်ချ်ကေ**



## ပင်လယ်နီတွင် အမေရိကန်တပ်ဖွဲ့များက ဟူသီစက်လှေလေးစင်းနှင့် ဒရုန်းနှစ်စင်းတို့ကို ဖျက်ဆီး

**ဆာနား ဇွန် ၂၁**

ပင်လယ်နီတွင် ဟူသီစက်လှေလေးစင်းနှင့် ဒရုန်းလေယာဉ်နှစ်စင်းတို့ကို ဇွန် ၂၀ ရက်က ဖျက်ဆီးခဲ့ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

တိုက်ခိုက်မှုအတွင်း အမေရိကန်ညွန့်ပေါင်းအဖွဲ့သင်္ဘောများနှင့် ကုန်သည်သင်္ဘောများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ဆိုရှယ်မီဒီယာပလက်ဖောင်း X တွင် ထုတ်ပြန်ဖော်ပြထားသော်လည်း ယီမင်ရှိ ဟူသီအုပ်စုကမူ မည်သည့်သဘောထားမှတ်ချက်မှ ထုတ်ဖော်ခြင်းမပြုသေးပေ။

ဇွန် ၁၂ ရက်က ဂရိပိုင် ကုန်တင်သင်္ဘော ကျူတာသည် ဟူသီတို့၏ တိုက်ခိုက်မှုကိုခံရပြီးနောက် ဇွန် ၁၈ ရက်တွင် ပင်လယ်နီ၌ နစ်မြုပ်သွားခဲ့သည်ဟု ဟူသီလက်နက်ကိုင်အဖွဲ့၏ အယ်လ်မာဆီရာတီဗွီသတင်းက ဖော်ပြခဲ့ပြီး ဟူသီလက်နက်ကိုင်များက ပါလက်စတိုင်းတို့နှင့် စည်းလုံးညီညွတ်စွာဖြင့် အစ္စရေးနှင့် ဆက်နွှယ်နေသောသင်္ဘောများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် - ဗြိတိန် ရေတပ်ညွှန့်ပေါင်းအဖွဲ့က ဟူသီပစ်မှတ်များကို ဇန်နဝါရီကတည်းက လေကြောင်းတိုက်ခိုက်မှုနှင့် ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ပြီး နောက်ထပ်တိုက်ခိုက်မှုများကို ဟန့်တားနိုင်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်း၌ တောမီးလောင်မှုကြောင့် ၁၁ ဦး သေဆုံး

**အင်ကာရာ ဇွန် ၂၁**

တူကီယဲနိုင်ငံအရှေ့တောင်ပိုင်း၌ တောမီးလောင်မှုဖြစ်ပွားသဖြင့် သေဆုံးသူ ၁၁ ဦးအထိ တိုးလာကြောင်း တူကီယဲကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ဇွန် ၂၀ ရက်ညက ဒီယာဘာကီပြည်နယ် စီနာခရိုင်နှင့် မာဒင်ပြည်နယ်မာဇီဒါဂီခရိုင်တို့အကြား စိုက်ပျိုးမြေဒေသများတွင် အမှိုက်ကြောင့် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။ ရက်သတ္တပတ်အတွင်း ခန့်မှန်းထားသည့် အပူလွန်ကဲခြင်းနှင့် ရာသီဥတုခြောက်သွေ့သည့်အခြေအနေတို့ကြောင့် တောမီးလောင်မှုအန္တရာယ်မြင့်မားမှုနှင့်ပတ်သက်ပြီး ဒေသအာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ တူကီယဲနိုင်ငံ၌ အထူးသဖြင့် နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် နွေရာသီ၌ တောမီးများမကြာခဏလောင်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ ခရီးစဉ်သွားရောက်

**နယူးဒေလီ ဇွန် ၂၁**

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်အလည်အပတ်ခရီးစဉ်အဖြစ် ဇွန် ၂၁ ရက်က နယူးဒေလီသို့ သွားရောက်လျက်ရှိသည်။

ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ဟာဆီနာသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံမည်ဖြစ်သည်။ ၎င်းသည် အိန္ဒိယသမ္မတ ဒရူပါဒီမာမူနှင့် ဒုတိယသမ္မတ ဂျက်ဒက်ဒန်းခါတို့ကိုလည်း တွေ့ဆုံရန် စီစဉ်ထားသည်။ ဇွန် ၉ ရက်ကကျင်းပခဲ့သည့် ဝန်ကြီးချုပ် မိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကိုလည်း နိုင်ငံတကာခေါင်းဆောင်များနှင့်အတူ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဟာဆီနာ ပါဝင်တက်ရောက်ခဲ့သည်။ **ဆင်ဟွာ**

## အစ္စရေးသို့ လက်နက်လွှဲပြောင်းခြင်းအဆုံးသတ်ရန် ကုလသမဂ္ဂကျွမ်းကျင်သူများ တောင်းဆို

**ဂျီနီဗာ ဇွန် ၂၁**

လက်နက်ခဲယမ်းများ အစ္စရေးသို့လွှဲပြောင်းခြင်း အဆုံးသတ်ရန် နိုင်ငံများနှင့် ကုမ္ပဏီများထံ ကုလသမဂ္ဂမှ ကျွမ်းကျင်သူ ၃၀ ကျော်က ဇွန် ၂၀ ရက်တွင် တောင်းဆိုခဲ့သည်။

ယင်းကဲ့သို့လက်နက်များလွှဲပြောင်းခြင်းသည် လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ပြင်းထန်စွာချိုးဖောက်ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

လက်နက်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် နိုင်ငံများသည် လက်နက်တင်ပို့ခွင့်လိုင်စင်ဖြင့် ဆောင်ရွက်နေသော်လည်း အစ္စရေးသို့ လက်နက်ခဲယမ်းများ လွှဲပြောင်းရောင်းချခြင်းကို အဆုံးသတ်ရန်တိုက်တွန်းကြောင်း အထူးကိုယ်စားလှယ်များ၊ အမှီအခိုကင်းသည့် ကျွမ်းကျင်သူများနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ လုပ်ငန်းအဖွဲ့တို့က ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

လက်ရှိဖြစ်ပွားနေသော အစ္စရေး၏တိုက်ခိုက်မှုများမှာ အရပ်သားများနှင့် အခြေခံအဆောက်အအုံများအပေါ် ခွဲခြားမှုမရှိဘဲ အချိုးမညီစွာတိုက်ခိုက်နေခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်းတွင် ရေထောက်ပံ့ရေးကွန်ရက် စတင်လည်ပတ်

**ကဘူးလ် ဇွန် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရာပြည်နယ်၌ ရေထောက်ပံ့ရေးကွန်ရက်နှစ်ခုကို အာဖဂန်အာဏာပိုင်များ ဖွင့်လှစ်ပေးခဲ့ကြောင်း ဘက်ခ်ထာသတင်းအေဂျင်စီတွင် ဇွန် ၂၁ ရက် က ဖော်ပြထားသည်။

အဆိုပါရေပေးဝေရေးကွန်ရက်မှာ အမေရိကန်ဒေါ်လာ ၁၅၇၀၀၀ ကျသင့်ပြီး ခရိုင်အတွင်း မိသားစုပေါင်း ၄၆၆ စုကို သန့်ရှင်းသော သောက်ရေသန့်များ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ပြည်နယ်အစိုးရအနေဖြင့်လည်း ပြည်နယ်တစ်ခုလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဘက်ခ်ထာသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ ပြည်နယ်များနှင့်မြို့နယ်များ၌ နှစ်ပေါင်းများစွာ မိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရသည်။ မြို့တော် ကဘူးလ်တွင်လည်း မိုးခေါင်မှုဒဏ်ခံစားရပြီး သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။ **ဆင်ဟွာ**



# တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင် လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဇွန် ၁၉ ရက်က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေး**

ဖြစ်စဉ်မှာ ၂၀၂၄ ခုနှစ် ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာရှိ ဒေါ်အီလာခမ်း(ဘ)ဦးအိုက်ဟုန် ပိုင်ဆိုင်သည့်ခြံအမှတ်(ဝကလ-ဂ၆၄)ရှိငါးကန်ဟောင်းနေရာ၌ တရုတ်နိုင်ငံသားများ တရားမဝင် ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးရာ အဆိုပါနေရာ၌ တရားမဝင် ရောက်ရှိနေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အန်းဟွေးပြည်နယ် ရှန်ရင်တုန့်ပိုင်မြို့နေ ရှောက်ဟူ(၃၄)နှစ် (ဘ) ဝမ်းလိ၊ ဖူးကျန့်ပြည်နယ် လုံးရမ်မြို့နေ လောင်ရောင်း(၄၅)နှစ် (ဘ)လောင်ဖိန်း၊ ဟူနန်ပြည်နယ် ဟိန်းရမ်မြို့နေ လောက်လျိုး(၃၄)နှစ် (ဘ)လျိုးရှင်းယုံနှင့် ကွေ့ကျိုးပြည်နယ် အန်းစွင့်မြို့နေ အားဖိန်း(၂၈)နှစ် (ဘ) အားကျင်းတို့လေးဦးအား MK 12 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၀ တောင့်၊ M 16 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၉ တောင့်၊ CZ 512 အမျိုးအစားသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ပွိုင့် ၂၂ ကျည် ၉၁ တောင့်၊ GLOCK–19 ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်၊ Sig Sauer ပစ္စတိုသေနတ်နှစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ကျည် ၂၁ တောင့်၊ ဆက်သွယ်ရေးစကားပြောစက် ရှစ်လုံး၊ ကတ်တမင်း ၁၅၀ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးမွှေစက်တစ်လုံးနှင့် တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန် ခြင်္သေ့တစ်ကောင်၊ ကျားတစ်ကောင်၊ ဝက်ဝံနှစ်ကောင်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

**အရေးယူဆောင်ရွက်နိုင်ရေး**

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား လေးဦးနှင့် ၎င်းတို့အား တရားမဝင်နေထိုင်ခွင့်ပြုထားသူ ခြံပိုင်ရှင် ဒေါ်အီလာခမ်း (ဘ) ဦးအိုက်ဟုန်တို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာမည်။

**မိုး/ဇလ**

## အာဆီယံ ယူ - ၁၆ ပြိုင်ပွဲ အုပ်စု (ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

၂၀၂၄ အာဆီယံ ယူ–၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) တွင် ပါဝင်သည့် အသင်းများအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇွန် ၂၁ ရက်က ကျင်းပရာ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်သည်။

မြန်မာအသင်း နည်းပြချုပ် မီတမီချီတာယုက "ဒီအသင်းကို ဖေဖော်ဝါရီကတည်းက စတင်တည်ဆောက်ခဲ့ပြီး ကောင်းကောင်းလေ့ကျင့်ပြင်ဆင်ထားပါတယ်။ ပွဲစဉ်တိုင်း အကောင်းဆုံးကစားပြီး ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ တက်ရောက်နိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

ကမ္ဘောဒီးယားအသင်းနည်းပြချုပ် အင်နိုအီကာဇူနိုရီက "အသင်းကောင်းတွေနဲ့ အတူကျရောက်နေလို့ ခက်ခဲတဲ့ အုပ်စုတစ်ခု ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်နိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု ပြောကြားသည်။

ဗီယက်နမ်အသင်းနည်းပြချုပ် ထရန်မင်ချီရန်က "အသင်းအနေနဲ့ ဒီပြိုင်ပွဲကိုမလာခင် တစ်လလောက် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ အသင်းကို အကောင်းဆုံး ပြင်ဆင်လာခဲ့တဲ့အတွက် အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြောကြားသည်။ ဘရူနိုင်းအသင်းနည်းပြချုပ် အက်မီရူရီဇယ်က "ကျွန်တော့် အသင်းသားတွေအနေနဲ့ ပွဲစဉ်တိုင်းမှာ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

အုပ်စု (က) ပွဲစဉ်များကို ဇွန် ၂၁ ရက်တွင် စတင်ကျင်းပပြီး ဇွန် ၂၂ ရက်တွင် အုပ်စု (ခ) ပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်သည်။ အုပ်စု (ခ) ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ဘရူနိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပလျက်ရှိသည်။ အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ မလေးရှား၊ တီမောနှင့် ဩစတြေးလျအသင်းတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

## ယူရို ၂၀၂၄ အုပ်စုပွဲစဉ် (၂)

June 22

| | | | |
|---|---|---|---|
| ဂျော်ဂျီယာ | – | ချက်ဇ် | ည ၇း၃၀ |
| တူကီယဲ | – | ပေါ်တူဂီ | ည ၁၀း၃၀ |
| ဘယ်လ်ဂျီယံ | – | ရိုမေးနီးယား | နံနက် ၁း၃၀ |

ယူရို၂၀၂၄ အုပ်စုပွဲစဉ် (၂) မှ ပွဲစဉ်သုံးပွဲကို ဇွန် ၂၂ ရက် ညပိုင်းနဲ့ ဇွန် ၂၃ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# တူကီယဲခြေစွမ်းထက်မြက်မှုရှိပေမယ့် နာမည်ကြီး ပေါ်တူဂီကို အနိုင်ရဖို့ မလွယ်

**■ မိုးဇက် – ရေးသားသည်**

### ဂျော်ဂျီယာ VS ချက်ဇ်

ဂျော်ဂျီယာက အဖွင့်ပွဲစဉ်မှာ ရှုံးနိမ့်ထားပေမယ့်လည်း ဒီပွဲစဉ်မှာ ခြေစွမ်းသာလွန်မှုရှိတဲ့ ချက်ဇ်ကို အနိုင်ယူဖို့ မလွယ်ဘူး။

ချက်ဇ်ကလည်း အဖွင့်ပွဲစဉ်မှာ ရှုံးနိမ့်ထားတာကြောင့် ဒီပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်တယ်။ ချက်ဇ်အသင်းက ခြေစွမ်းသာလွန်တဲ့အဆင့်မှာရှိတာကြောင့် ဂျော်ဂျီယာအသင်း အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။

### တူကီယဲ VS ပေါ်တူဂီ

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး နိုင်ပွဲကိုယ်စီရရှိထားတာကြောင့် ဒီပွဲစဉ်မှာ အနိုင်ရတဲ့အသင်း နောက်တစ်ဆင့်တက်လှမ်းသွားမှာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာ သေချာတယ်။

ပေါ်တူဂီအသင်းက ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့အသင်းအဖြစ် သတ်မှတ်ခံထားရသော်ငြား ပြီးခဲ့တဲ့ပွဲစဉ်မှာ အသင်းတိုက်စစ်ပိုင်း လိုအပ်ချက်များစွာ ရှိခဲ့တယ်။ မည်သို့ပင်ဆိုစေ ပေါ်တူဂီကို တူကီယဲအသင်း ကျော်ဖြတ်နိုင်ဖွယ် မရှိဘူး။

### ဘယ်လ်ဂျီယံ VS ရိုမေးနီးယား

နာမည်ကြီး ဘယ်လ်ဂျီယံက ပြီးခဲ့တဲ့ပွဲစဉ်မှာ ပြိုင်ဘက်ကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းယူမှုအပိုင်း အားနည်းခဲ့လို့ ရှုံးပွဲကြုံတွေ့ခဲ့တယ်။

ဒါကြောင့် ဒီပွဲစဉ်က ဘယ်လ်ဂျီယံအသင်းအတွက် မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ရိုမေးနီးယားက ဒီပွဲစဉ်နိုင်ရင် နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာပါ။ သို့သော်ငြား ကမ္ဘာ့ထိပ်တန်း ဘယ်လ်ဂျီယံကို အနိုင်ယူဖို့ လုံလောက်မှု မရှိဘူး။

# နေပြည်တော်အတွင်း ငလျင်ဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ နေပြည်တော်အတွင်း ငလျင်ဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် နည်းပညာတက္ကသိုလ်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ၏ ဆောင်ရန်၊ ရှောင်ရန်များကို လေ့လာကြပြီး မိမိ၏ပတ်ဝန်းကျင်တွင် ပြန်လည်ပြီး အသိပညာများ ဖြန့်ဝေပေးကြရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်သည် တားဆီး၍မရနိုင်သော်လည်း ထိခိုက်ဆုံးရှုံးမှု နည်းအောင် ကြိုတင်ပြင်ဆင်ခြင်းအပိုင်းတွင် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ဘေးအန္တရာယ်များ၏ ထိခိုက်မှုကို လျော့သွားအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနားမှရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိ၏လုပ်ငန်းခွင်၊ ရပ်ရွာနှင့် အသိုင်းအဝိုင်းများတွင် ပြန်လည်လက်ဆင့်ကမ်းမျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးလင်းအောင်က ဘေးအန္တရာယ်ကျရောက်ပါက ဘေးကင်းဇုန်သို့ကျောင်းသား ကျောင်းသူများ ရွှေ့ပြောင်းရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** ငလျင်ဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်မှုအဖြစ် ငလျင်လှုပ်ခတ်ခြင်း၊ အကြောင်းအချက်ပေးခြင်းနှင့်အတူ ကျောင်းသား ကျောင်းသူများက ဝပ်၊ ကာ၊ ကိုင် ပုံစံဖြင့် နေရာယူခြင်း၊ ငလျင်လှုပ်ခတ်မှုငြိမ်သက်ပါက အဆောက်အအုံနှင့် လွတ်ကင်းရာ ကွင်းပြင်နေရာများတွင် နေရာယူခြင်းတို့ကို သရုပ်ပြသကြပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်း သရုပ်ပြသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက ဆေးဝါးကုသမှုသရုပ်ပြသခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့က ယာဉ်၊ ယန္တရားများဖြင့် ဘေးကင်းလုံခြုံသည့်နေရာများသို့ ပို့ဆောင်ပေးခြင်း စသည့်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်ကျင်းပ

**လားရှိုး ဇွန် ၂၁**

ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက်က လားရှိုးမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးနှင့် ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)မှ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ဌေးတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ကျောင်းခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပွဲတော်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာအလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က လက်ခံရယူပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပြန်လည် ပေးအပ်လှူဒါန်းပေးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက ကျောင်းစာကြည့်တိုက်၊ ကျောင်းသား ကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ စာအုပ်အရောင်းပြပွဲ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် စာရေးဆရာများ၏ စာပေဟောပြောပွဲ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး) မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးက ကျောင်းသား လူငယ်များအား အသိပညာ ဗဟုသုတရရှိစေရန် ဟောပြောပေးကြသည့် လားရှိုးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးညွန့်ဝေ (ကောင်းညွန့်ဝေ-ရေစကြို) နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါ်ခင်သန်းနွဲ့ (မမ-လားရှိုး)တို့ကို အမှတ်တရ လက်ဆောင်များပေးအပ်သည်။



ထို့နောက် စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား ကျောင်းသူများနှင့် တေးသီချင်း သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခြင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ခရိုင် (ပြန်ဆက်)**



# အငြိမ်းစားပင်စင်လစာလာထုတ်သည့် သက်ကြီးရွယ်အို ၂၀၀၀ ကျော်အား ကြာဆံဟင်းနှင့် သောက်ရေသန့်ဘူးများ လှူဒါန်း

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ အငြိမ်းစားပင်စင်လစာလာထုတ်သည့် သက်ကြီးရွယ်အို ၂၀၀၀ ကျော်အား ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစုက (၂၄) ကြိမ်မြောက် လစဉ်အလှူအဖြစ် ကြာဆံဟင်းနှင့် သောက်ရေသန့်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ကြီးရွယ်အို ပင်စင်စားများအတွက် စတုဒိသာ လှူဒါန်းမှုသည် (၂၄)ကြိမ်မြောက်အထိ ရှိလာပြီဖြစ်ပြီး လစဉ်မပျက်မကွက် ကုသိုလ်ပြုလှူဒါန်းပေးနေခြင်းဖြစ်ကြောင်းနှင့် ဘိုးဘွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တိုး၍ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်လျက်ရှိကြောင်း ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစု၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဘိုထံမှ သိရသည်။ **မိုးအောင်**

# မြန်အောင်မြို့၌ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မြန်အောင် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင်မြန်အောင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်-၂ က သစ်တောသစ်ပင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးကျော်ဇင်ထိုက်က ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာများ၊ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက ပြန်လည်ဖြေကြားသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြောင်း သိရသည်။ **ရေဦးသာ (မြန်အောင်)**

◆ *ကျောဖုံးမှ*

တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။ စပိန်အသင်းသည် အီတလီအသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး ခြောက်ကြိမ်ထက်မနည်း ရရှိသော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမား ဒွန်နာရမ်မာတို့ အကောင်းဆုံးကာကွယ်နိုင်ခဲ့သည့် အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

အုပ်စု (ခ) ပွဲစဉ် (၂) အပြီး ရပ်တည်မှုတွင် စပိန်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး အီတလီအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်၊ အယ်ဘေးနီးယားနှင့် ခရိုအေးရှားအသင်းတို့က ရမှတ်တစ်မှတ်စီရရှိထားသည်။

ဇွန် ၂၀ ရက် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အုပ်စု (ဂ) ပွဲစဉ် (၂)မှ ဒိန်းမတ်နှင့် အင်္ဂလန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဇွန် ၂၁ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်သည့် စလိုဗက်ကီးယားနှင့် ယူကရိန်းတို့ပွဲတွင် ယူကရိန်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။ ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ပိုလန်နှင့် ဩစတြီးယားပွဲတွင် ဩစတြီးယားက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

## သီပေါမြို့၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါးနှင့် သီလရှင်ဆရာကြီး သုံးပါးတို့အား ဂုဏာဝိသိဋ္ဌမင်္ဂလာကျင်းပ



**သီပေါ ဇွန် ၂၁**

နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ဆရာတော် အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ဂုဏာဝိသိဋ္ဌထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဘဏ္ဍာကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ဇာနေယျက ဂုဏာပူဇာကထာတော်ဖြင့်ပူဇော်၍ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ပေါ်ကြိုဘုရားကြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဒေဝိန္ဒအရှင်သူမြတ်ထံမှ ဝမ်းမြောက်ကြောင်း အနုမောဒနာတရားတော်ကို နာယူသည်။

ထို့နောက် နိုင်ငံတော်အစိုးရက ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်၍ အလှူခံရရှိသည့် ဘဒ္ဒန္တမိလိန္ဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တဉာဏောဘာသ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တဒေဝိန္ဒ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ဘဒ္ဒန္တဥတ္တမသာရ (မဟာ သဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တသြဘာသ(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒေါက်တာအရှင်ဝါယာမိန္ဒာ ဘိပါလ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)၊ ဘဒ္ဒန္တကောသလ (သဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တမိဏိဿရ (သဒ္ဓမ္မဇောတိကဓဇ) နှင့် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဆရာကြီးဒေါ်စရဏသိဂီ (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒေါ်ဘဒ္ဒဝတီ (ဂန္ထဝါစကပဏ္ဍိတ) စသည့် ဆရာတော်ရှစ်ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး သုံးပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် နမ့်လန်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ အရှင်သူမြတ်က ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ကွန်ပျူတာတက္ကသိုလ်(သထုံ) ၌ ဥပဒေရေးရာနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြော

**သထုံ ဇွန် ၂၁**

မွန်ပြည်နယ် သထုံမြို့ ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ၌ ဇွန် ၂၁ ရက်က ကျောင်းသား ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေရေးရာ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းတို့ကို တာဝန်ရှိသူများပူးပေါင်း၍ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။



ဟောပြောပွဲတွင် ဆက်သွယ်ရေးကွန်ရက် အင်တာနက်အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာ အသုံးပြုရာ၌ သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဥပဒေတို့နှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ခရိုင်ဥပဒေအရာရှိ ဦးသန့်ဇင်အေးက လည်းကောင်း၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သထုံ)မှ ရဲအုပ် သက်နေလင်းနှင့် ခရိုင်ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးဟန်ဝင်းထွဋ်တို့က ယာဉ်တိုက်မှု/ ယာဉ်မတော်တဆမှု အမျိုးအစားများ၊ ဖြစ်ပွားရသည့်အကြောင်းများ၊ လမ်းအသုံးပြုသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် ဥပဒေများကို ဟောပြောဆွေးနွေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ် (သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်း၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် ကထိကဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



## မင်းဘူးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ပညာပေးဆိုင်းဘုတ်စိုက်ထူ

**မင်းဘူး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက်က မင်းဘူး-စကုကားလမ်းဘေးရှိ ပြည်သူ့ပန်းခြံရှေ့၌ ကျင်းပရာ မင်းဘူးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရဲထွန်းနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပိုစတာများကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများထံသို့ ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့် မင်းဘူး-စကု ကားလမ်းမပေါ်ရှိ လမ်းသွားလမ်းလာ ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၁ ရက်က မြို့လယ်မီးပွိုင့်လမ်းဆုံ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်၊ အတွင်းရေးမှူး ရဲမှူးနိုင်ဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

နေအောင် (ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

**လယ်ဝေး ဇွန် ၂၁**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီက လယ်ဝေးမြို့ ဖောင်တော်ချက်မ ဘုရားတန်ဆောင်း၌ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့် အခမ်းအနားကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ခုတင်-၁၀၀ ဆေးရုံအုပ်ဒေါက်တာနန္ဒာကျော်၊ မြို့နယ်စည်ပင်၊ မီးသတ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးက ခြင်နှင့်ယင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်ပြီး အဖွဲ့ခွဲကာ အမှတ် (၃) ပေတော ကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ရေကန်၊ ရေပုံး၊ ရေတိုင်ကီများအတွင်းသို့ အဘိတ်ဆေးခတ်ပေးခြင်းနှင့် ဖုံး-သွန်-လဲ -စစ်လုပ်ငန်းများကို တစ်အိမ်တက်ဆင်း လက်တွေ့ဆောင်ရွက်ပြသ၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ သဃ်န်းကျွန်းခရိုင်အသင်း ဗိုလ်စွဲ



**ရန်ကုန်  ဇွန်  ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် သဃ်န်းကျွန်းခရိုင်အသင်းက အလုံခရိုင်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးဆုပေးပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က အကောင်းဆုံးဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ပြီး တတိယဆုရ အင်းစိန်ခရိုင်အသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီး၊ ဒုတိယဆုရ အလုံခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့် ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ သဃ်န်းကျွန်းခရိုင်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားချီးမြှင့်ပြီး **(ယာပုံ)** စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၂၀ ရက်အထိ ကျင်းပပြီး နေပြည်တော်တွင် ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဇွန်  ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ဆောင်ခဲ့သည့် "Thein Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းထက်ပိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Ko Thant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ အေးသန့်(ခ)ကိုသန့်နှင့် "Khin Myo Aye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စော်ဘွားကြီးကုန်းရပ်ကွက်နေ ခင်မျိုးအေးတို့အား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Zaw Moe Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျောက်တန်းမြို့နယ် အမှတ် (၁)ရပ်ကွက်နေ ဇော်မိုးလွင်အား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Zar Zar Sann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၇)ရပ်ကွက်နေ ဇာဇာစန်းအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာအရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ၂၀၂၄ ခုနှစ် ဇွန်လ (တတိယ)ဆယ်ရက်ပတ် တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၀ မီလီမီတာ)မှ (၂၉ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၃၀ မီလီမီတာ)မှ (၃၉ မီလီမီတာ)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၄၀ မီလီမီတာ)မှ (၄၉ မီလီမီတာ)အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## လသာမြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ၁။ ဒေါ်ဂျီးရာ
(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ) ၂။ ဒေါ်ဆုမြတ်အောင်
၎င်း၏ကိုယ်စားဦးစန်းအောင်-
Assistant Vice President)

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကြီးအောင်လမ်း၊ မုန့်လုပ်ဆောင်း ကုန်း(မြောက်)ရပ်ကွက်၊ အမှတ်(၂၉)နေ (၂)တရားပြိုင်ဖြစ်သည့် ဒေါ်ဆုမြတ် အောင်(ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြွေးဝယ်ကတ်(MAB Credit Card)ဖြင့် သုံးစွဲခဲ့သည့် ချေးငွေများရလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၅ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ် စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိမ့်သိမ့်သူ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လသာမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## လသာမြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဦးအောင်နိုင်စော
(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ)
၎င်း၏ကိုယ်စားဦးစန်းအောင်-
Assistant Vice President)

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၂၀၀/ဘီ)နေတရားပြိုင်ဖြစ်သည့် ဦးအောင်နိုင်စော(ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြွေးဝယ်ကတ်(MAB Credit Card)ဖြင့် သုံးစွဲခဲ့သည့် ချေးငွေများရလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၅ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ် စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိမ့်သိမ့်သူ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လသာမြို့နယ်တရားရုံး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၉/၃၁၃)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနပိုင် (၂)ထပ်အုတ်တိုက် ရုံးအဆောက်အဦအား အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမင်းဇင်ဦး ၏ သမီးဖြစ်သူ ကျွန်မ ရွှဏ်းလပြည့်ဖြိုး (၇/ပမန(နိုင်)၂၃၂၆၄၉) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH 286633) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၉၃ ၁၄၄ ၆၃၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် (၁၂၈၅)၊ အကျယ်အဝန်း (၄၄ပေ × ၆၀ပေ)ရှိ ဦးမိုးအေး (၁၂/မဂတ (နိုင်) ၀၀၂၇၄၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးမိုးအေး ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၃၃၃/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးကောင်းမြတ်လင်း (၁၂/ကမရ(နိုင်) ၀၅၈၂၇၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ်(၆၁/၂)၊ မြေချိန်ဧရိယာ(၀.၀၃၉)ဧကရှိ မြေကွက်သည် မူလက ဦးလဖွေးဘရန်ရှောင် အမည်ဖြင့် (၆-၄-၂၀၁၈) ရက်နေ့ထိ(၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူဦးလဖွေးဘရန်ရှောင်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍၎င်း၏ဇနီး ဒေါ်ဂျာအောန်၊၁/မကန(နိုင်)၀၅၅၀၆၀က(၃-၅-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၁၉၉/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာအောန် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၃/၂)၊ ဦးပိုင်အမှတ် (၂၆)၊ မြေချိန်ဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်သည် မူလက ဦးဖော်ယော အမည်ဖြင့်(၃၀-၆-၂၀၂၁) ရက်ထိ နှစ် (၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးဖော်ယော၊ ဇနီးဒေါ်မကော့၊ ဦးခွန်ဆိုင်း(သား)၊ ဒေါ်ဒိန်နမ်(သမီး)(၄)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဂရန်ရှင်၏မြေးဖြစ်သူ ဦးဆွတ်အောင်က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၁၃-၅-၂၀၂၄) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၄၈/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်ရှင်လီ ၁/ဝမန(နိုင်)၀၅၅၃၈၄ ထံသို့အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ရှင်လီ အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

# မိုင်းဖြတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းဖြတ် ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မြို့နယ်အဆင့် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၀ ရက်က ပါဆန်းကျေးရွာအနီး အထွေထွေအုပ်ချုပ်ရေး



ဦးစီးဌာန ဝန်ထမ်းအိမ်ယာဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသည့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား စိုက်ပျိုးမည့် သစ်ပင်များကို ပေးအပ်သည်။ ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာဝင်းနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပါးဆန်းကျေးရွာမှ ကျေးရွာနေပြည်သူများက ကျွန်းပင် ၁၅၀၊ မန်ကျည်းရှားပင် ၂၀၀၊ မဲဇလီပင် ၁၅၀၊ ပန်းမဲဇလီပင် ၁၅၀၊ စိန်ပန်းနီပင် ၅၀၊ ခရေပင် ၃၀၊ ငုစပ်ပင် ၃၀ နှင့် ကံ့ကော်ပင် ၂၀ စုစုပေါင်း ပျိုးပင် ၈၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| စာတည်း | | |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၅ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၄၅ ကျပ် | ၂၇၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့် အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

Glory World Co.,Ltd. ၏ ဘဏ်စာအုပ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) ဘဏ်စာရင်းအမှတ် FDG-10. 0641 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်လဲ့လဲ့လွင်
ဖုန်း-၀၉-၇၉၉၉၄၄၂၈၈

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၁၀၀ | ၈၃၃ | ၇၄၃၅၈၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၆၁၁၇ | ၂၀၁၇၃၀၅၀ |
| MCB | ၈၄၀၀ | ၈၃၀၀ | ၂၃ | ၁၉၁၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅၁၄ | ၈၇၃၈၅၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၄၁ | ၁၁၆၈၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၇၅၁ | ၁၄၂၉၄၅၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |
| MAEPC | ၃၄၀၀ | ၃၃၅၀ | ၃၅၇ | ၁၁၉၇၃၅၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
# ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ – ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် –

**(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ခန္ဓာဗေဒ)<br>Ph.D(Anatomy) | ၃ နှစ် |
| ၂။ | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)<br>Ph.D(Physiology) | ၃ နှစ် |
| ၃။ | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ)<br>Ph.D(Biochemistry) | ၃ နှစ် |
| ၄။ | ပါရဂူဘွဲ့(အဏုဇီဝဗေဒ)<br>Ph.D(Medical Microbiology) | ၃ နှစ် |
| ၅။ | ပါရဂူဘွဲ့(ဆေးဝါးဗေဒ)<br>Ph.D(Pharmacology) | ၃ နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ)<br>Dr.Med.Sc(General Medicine) | ၃ နှစ် |
| ၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ)<br>Dr.Med.Sc(General Surgery) | ၃ နှစ် |
| ၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ)<br>Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ)<br>Dr.Med.Sc(Paediatrics) | ၃ နှစ် |
| ၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ)<br>Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| ၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ)<br>Dr.Med.Sc(Cardiology) | ၃ နှစ် |
| ၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| ၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| ၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| ၁၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)<br>Dr.Med.Sc(Neurology) | ၃ နှစ် |
| ၁၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Neurosurgery) | ၃ နှစ် |
| ၁၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ)<br>Dr.Med.Sc(Nephrology) | ၃ နှစ် |
| ၁၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Urology) | ၃ နှစ် |
| ၁၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)<br>Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| ၁၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ)<br>Dr.Med.Sc(Hepatology) | ၃ နှစ် |
| ၁၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ)<br>Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| ၁၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| ၁၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ)<br>Dr.Med.Sc(Neonatology) | ၃ နှစ် |
| ၁၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ)<br>Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၂၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ)<br>Dr.Med.Sc(Radiology) | ၃ နှစ် |
| ၂၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ)<br>Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| ၂၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၂၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ)<br>Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၂၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊ အကြောအဆစ်ဆေးပညာ)<br>Dr.Med.Sc(Rheumatology) | ၃ နှစ် |
| ၂၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၂၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| ၂၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| ၂၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| ၂၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ)<br>Dr.Med.Sc(Mental Health) | ၃ နှစ် |
| ၃၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ)<br>Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| ၃၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ)<br>Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| ၃၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)<br>Dr.Med.Sc(Haematopathology) | ၃ နှစ် |
| ၃၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ)<br>Dr.Med.Sc(Histopathology) | ၃ နှစ် |
| ၃၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ)<br>Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| ၃၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ)<br>Dr.Med.Sc(Dermatology) | ၃ နှစ် |
| ၃၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Paediatric Haemato-Oncology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc)အတွက်လျှောက်လွှာပိတ်သည့်နေ့တွင်သက်ဆိုင်ရာ ဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ (သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ)သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) (သို့မဟုတ်) (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(တ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ထ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၃-၈-၂၀၂၄)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တစ်ကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၃-၁၀-၂၀၂၄)ရက် (ကြာသပတေးနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး – ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင် ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင် ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၃၃၁၊ ၀၉-၈၈၂၅၅၆၇၆၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် SHN/28145 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

က.ည.န၊
တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊
ကျိုင်းတုံမြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 15W/86855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

က.ည.န၊ ခရိုင်ရုံး
(တာချီလိတ်)

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၉ယ/၉၄၅၈၇, Honda Click-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလှအောင် ၇/ပမန(နိုင်)၁၃၆၃၃၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ် ရပ်)၊ ပေ(၈၀ x ၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၈၀၈)၊ ဦးကျော်စွာထွန်း(ဘ)ဦးထွန်းငြိမ်း ၉/မနမ(နိုင်)၁၁၄၅၅၀ အမည်ပေါက် မြေကွက်၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကရင်ပြည်နယ်၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ မြေလွတ် မြေရိုင်း (လယ်လုပ်)အား စိုက်ပျိုးမြေဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **Lot No** - (6)

(ခ) **ဆောင်ရွက်မည့် လုပ်ငန်း** - မြေလွတ်မြေရိုင်း(လယ်လုပ်) အား စိုက်ပျိုးမြေဖော်ထုတ်ခြင်း လုပ်ငန်း

(ဂ) **လုပ်ငန်းပမာဏ (ဧက)** - ၁၅၈ ဧက

(ဃ) **ဆောင်ရွက်မည့် တည်နေရာ** - ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ တောင်သူကုန်းကျေးရွာအုပ်စု၊ ခြံကလေးကျေးရွာ

(င) **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂၁-၆-၂၀၂၄ ရက်မှ ၅-၇-၂၀၂၄ရက် ထိ

(စ) **တင်ဒါလျှောက်လွှာ- နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** ၈-၇-၂၀၂၄ရက် ညနေ ၄:၃၀နာရီထိ

(ဆ) **တင်ဒါတင်သွင်း ရမည့်နေရာ** - ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့

(ဇ) တင်ဒါဖွင့်မည့်ရက်- ထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံ နှင့်အသေးစိတ်သိရှိလိုသည့် အချက်များကို ကရင်ပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ ဖုန်း-၀၉-၉၆၄၀၈၈၄၁၈၊ ၀၅၈-၂၁၇၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၀ဧကေရှိ ဒေါ်နော်မြတ်သူခိုင် ၁၄/ပသန(နိုင်)၁၅၆၉၄၆ (ဘ)ဦးစောဖိုးကျွန်း အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက် အမှတ်(ပ-၃၂၃၃၀)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၉၃/၂၀၂၃(၂-၈ -၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမောင်လတ် ၁၄/ဝခမ(နိုင်)၁၅၂၁၈၈(ဘ)ဦးစိုးကြိုင်မှ ဒေါ်ခင်ခင် ၁၃/ဟပတ(နိုင်)၀၂၀၂၁၅ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် တ-၂၊ ဦးပိုင်အမှတ်(၉၂ခဲစင်း)၊ ၆၃x၆၄လမ်းကြား၊ ၁၀၂X၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသူရဇော်ဇော်၏ (SP ရရှိသူ ဒေါ်မြင့်မြင့်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၅၀၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရွှေကို ၈/ရစက(နိုင်)၁၃၄၇၁၄က အမှုတွဲအမှတ် (၁၇၁၄/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက် အမှတ် ဖဖ၊ ဦးပိုင်အမှတ်(၁၉+၂၀)၊ ၅၄x၅၅လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မြင့် ၁/မကတ (နိုင်)၀၅၈၃၂၀၊ ဦးတင်မိုး ၁/မကတ(နိုင်)၀၅၈၃၁၉တို့ကအမှုတွဲအမှတ် (၁၇၁၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၆၊ ဦးပိုင်အမှတ်(၃+၄)၊ ၄၀လမ်းမျက်နှာပြု၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း မြင့် ၉/မထလ(နိုင်)၀၁၂၈၅၁က အမှုတွဲအမှတ် (၁၇၁၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မိတ္ထီလာမြို့နယ်၊ မူလွန် ကွယ်ကန်ကျောင်း Grade-၄မှ မောင်လောစ်နွမ်ဖနှင့် Grade-၂မှ မနန်းဆိုင်ဟွမ်ခမ်းတို့၏မိဘ အမည်မှန်မှာ ဦးမောင်စိုး ၉/မထလ (နိုင်) ၂၂၈၂၄၆ နှင့်ဒေါ်နန်းစံလင်း ၁၃/ဟပတ(နိုင်)၀၀၀၇၂၀ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မိတ္ထီလာမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း (ထ-ခွဲ) Grade-၉ မှ မအိသန္တာပို၏ မိဘအမည်မှန်မှာ ဦးအောင်ကို မြတ် ၉/မထလ(နိုင်)၃၀၈၆၉၉ နှင့် ဒေါ်မိခိုင် ၁၄/ကကတ(နိုင်)၁၂၉၉၂၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက(ခွဲ) ဇရပ်ကုန်း Grade-၆ မှ မောင်ဇင်မင်းထက်၏ ဖခင် အမည်မှာ ဦးမြင့်စိုး ၉/မထလ (နိုင်)၃၃၃၅၁၃ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည် မြို့နယ်၊ ညောင်ရမ်း အထက ၌ အထက်တန်းပြ တာဝန်ထမ်းဆောင် နေသော ဒေါ်အတင်(ခ)ဒေါ်တင်တင် ခိုင် ၉/သစန(နိုင်)၀၈၈၁၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၈-၁၉၆၂ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သထုံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆

၁။ ဒေါ်ဖြူဖြူဝင်း နှင့် ၁။ ဒေါ်မိမိမော်(ခ)ဒေါ်မိမော်
၂။ဒေါ်ရွှေဇင်ဦး ၂။ ဒေါ်စမ်းစမ်းအေး(ခ)မီးမီး
၃။ ဦးကွရ်ဘန်အာလီ
၄။ ဒေါ်ခင်သန်းငွေ(ခ) ဒေါ်ကလေး
၅။ ဒေါ်နီနီဝင်း

**တရားလိုများ** **တရားပြိုင်များ**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ ဇေတဝန်ကျောင်းလမ်း၊ အမှတ် (၁၁၈)နေ အမှတ်(၃)တရားပြိုင် ဦးကွရ်ဘန်အာလီ (ယခုနေရပ်လိပ်စာမသိ သိစေရမည်)။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀ ၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် (၁၃၈၆ ခုနှစ် နယုန် လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(စူးစမ်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၇၈/C)၊ စတုတ္ထထပ်(၅-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စိန် ၁၂/သဃက(နိုင်)၀၄၇၈၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စုသာစံ ၉/မထလ(နိုင်)၂၅၃၇၂၈၊ ဒေါ်မြတ်စုရီစံ ၉/မထလ(နိုင်)၂၆၇၄၃၈တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက် အမှတ် ၉၇၊ မြေကွက်တည်နေရာ အမှတ် ၉၇၊ မိုးမခလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက် (ဦးလွင် ISN-၁၆၈၃၆၂၊ ၁၂/မရက(နိုင်)၀၅၅၉၈၄၊ မြေအမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးလွင်ထံမှ ပိုင်ဆိုင် ကြောင်း စာချုပ်အမှတ် ၄၁၃၈/၂၀၁၆၊ (၂၇-၇-၂၀၁၆)ဖြင့် ရရှိသူ ဒေါ်နုနု ယဉ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၂၂၆/၂၀၂၃၊ (၁၇-၅-၂၀၂၃)ဖြင့် ဧရိယာ (၂၀'x၆၀') (Portion)အား ဝယ်ယူရရှိသူ ဒေါ်ခင်ရွှေဦး ၉/မထလ(နိုင်) ၀၆၈၉၇၈မှ ပိုင်ဆိုင်စာချုပ်အရောင်းအဝယ်စာချုပ်၊ အခွန်ထမ်းပြေစာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီးထဲမှ တောင်ဘက်ခြမ်း (၂၀'x၆၀') အား တစ်ဖက်သတ်ခွဲစိတ်ရန်အတွက် ဌာနဝင်စာဖြင့် မိမိပိုင်ဆိုင်သည့် အစိတ်အပိုင်းအား မြေကွက်ခွဲစိတ်မည်ဖြစ်ပါကြောင်း တင်ပြလာသဖြင့် ယခု ဒေါ်ခင်ရွှေဦး၏ မြေကွက်ခွဲ၊ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စောစန္ဒာဝင်း (၈/မထန (နိုင်)၀၁၁၅၆၈) နှင့် သက်ဆိုင်သူအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၁) လမ်း၊ အမှတ် (၁၂) နေ ဦးကျော်ကျော်နိုင် (၈/မထန (နိုင်)၀၁၁၅၇၃) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်စောစန္ဒာဝင်း (၈/မထန (နိုင်) ၀၁၁၅၆၈) နှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာခြင်းပြုအပ်သည်မှာ -

၁။ ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးကျော်ကျော်နိုင်နှင့် လူကြီးမင်း ဒေါ်စောစန္ဒာဝင်းတို့သည် ၁၉၈၆ ခုနှစ်မှစတင်၍ ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လင်မယားအဖြစ် စတင်ပေါင်းသင်း နေထိုင်ခဲ့ကြပြီး သားသမီး(၂)ဦး ထွန်းကားရရှိခဲ့ကြကြောင်း ညွှန်ကြားချက်အရနှင့် စာရွက်စာတမ်း အထောက်အထား တို့အရ သိရှိခဲ့ရပါသည်။

၂။ လူကြီးမင်း ဒေါ်စောစန္ဒာဝင်းနှင့် ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးကျော်ကျော်နိုင်တို့သည် နှစ်ပေါင်း (၃၆) နှစ်တိုင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီးနောက် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်သောကြောင့် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် သဘောတူဆုံးဖြတ်၍ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် မရမ်းကုန်း မြို့နယ်တရားရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၃၄/၂၀၂၂) ဖြင့် **“နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲခြင်းကတိစာချုပ်”**ဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြကြောင်း ညွှန်ကြားချက်အရနှင့် စာရွက်စာတမ်းအထောက် အထားတို့အရ သိရှိခဲ့ရပါသည်။

၃။ ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးကျော်ကျော်နိုင်နှင့် လူကြီးမင်း ဒေါ်စောစန္ဒာဝင်းတို့သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ( ၉ ) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ချုပ်ဆို ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ယင်းနေ့မှာပင် “လင်မယားကွာရှင်းစဉ် နှစ်ဦးသဘောတူပစ္စည်းခွဲဝေခြင်းကတိစာချုပ်” ကိုလည်း စာချုပ်ပါအသိသက်သေ ဦးကျော်မိုးထက် (၁၄/ငသခ(နိုင်)၀၀၉၈၁၀)နှင့် ဦးခင်မောင်လင်း (၈/မထန(နိုင်) ၀၁၀၄၂၂) တို့ ရှေ့မှောက်တွင် ချုပ်ဆို၍ နှစ်ဦးနှစ်ဖက်အညီအမျှသဘောတူခွဲဝေရယူခဲ့ကြပြီးဖြစ်ကြောင်း ညွှန်ကြား ချက်အရနှင့် စာရွက်စာတမ်းအထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၄။ ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးကျော်ကျော်နိုင်နှင့် လူကြီးမင်း ဒေါ်စောစန္ဒာဝင်းတို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲကြပြီးနောက် လင်မယားအဖြစ် တရားဝင်ပေါင်းသင်း နေထိုင်ခဲ့စဉ်က ဖြစ်ထွန်းခဲ့သည့် လက်ထက်ပွားပစ္စည်းများဖြစ်သည့် (၁) ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ (၂) မရွှေ့ မပြောင်း နိုင်သောပစ္စည်းများကိုလည်း နှစ်ဦးသဘောတူစာချုပ်စာတမ်းချုပ်ဆို၍ ခွဲဝေရယူခဲ့ကြပြီးဖြစ်၍ လူကြီးမင်း ဒေါ်စောစန္ဒာဝင်းနှင့် ကျွန်ုပ်တို့အား တရားဝင် လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးကျော်ကျော်နိုင်တို့နှစ်ဦးသည် မည်သို့မျှ ဆက်နွှယ်ပတ်သက်စရာအကြောင်း မရှိတော့ကြောင်း လူကြီးမင်း ဒေါ်စောစန္ဒာဝင်းနှင့် သက်ဆိုင်သူ အများသိစေရန် အတိအလင်းကြေညာမှု ပြုအပ်ပါသည်။ လူကြီးမင်း ဒေါ်စောစန္ဒာဝင်းဘက်မှ မိမိနှင့်အလျဉ်းပတ်သက် ဆက်နွှယ်မှုမရှိသူ ဦးကျော်ကျော်နိုင်ထံမှ မည် သည့်ရပိုင်ခွင့်အခွင့်အရေး တစ်စုံတစ်ရာမရှိ၍ တောင်းဆိုမှုမပြုရန်နှင့် ရပိုင်ခွင့်အခွင့်အရေးရှိသည်ဟု လူကြီးမင်း ဒေါ်စောစန္ဒာဝင်းအနေဖြင့် ယုံကြည်ယူဆနေပါက ဥပဒေနှင့်အညီ တောင်းဆိုဆောင်ရွက်နိုင်ပါကြောင်းနှင့် ဦးကျော်ကျော်နိုင် ဘက်မှလည်း ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည် ဖြစ်ပါကြောင်း လိုအပ်ပါက ဥပဒေနှင့်အညီ ပြန်လည်၍ မလွှဲမရှောင်သာ ဆောင်ရွက်ရပါလိမ့်မည်ဖြစ်ကြောင်း လူကြီးမင်း ဒေါ်စောစန္ဒာဝင်းနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာခြင်းပြုအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးချစ်ကိုကို** | **ဦးစိုးတင်** | **ဦးတင်ထွန်းနိုင်** |
| **(စဉ်-၂၈၀၃/၁၉၈၄)** | **(စဉ် - ၁၈၄၃၆/၂၀၂၃)** | **(စဉ်-၅၆၁၂၈/၂၀၂၃)** |
| **တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁၂၅၂၉၂၄၊ ၀၉-၇၅၈၂၃၀၂၀၊ ၀၉-၄၂၉၆၂၀၁၉၀၊ ၀၉-၇၉၆၇၃၁၅၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ဘုရင့်နောင်လမ်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတ(ဒုတိယအဆင့်)အိမ်ရာ၊ တိုက်အမှတ်/တိုက်ခန်းအမှတ်CC6၊ အခန်းအမှတ်(604)၊အကျယ်အဝန်း (U-900)ရှိ တိုက်ခန်းအား အဆောက်အအုံနေထိုင်ခွင့်စာချုပ် အမည်ပေါက်သူဦးအာကာဟိန်း ၁၂/ကမရ(နိုင်)၀၆၀၅၄၄ ထံမှ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပပထွန်း ၉/ပတန(နိုင်)၀၀၀၂၂၀မှအဆိုပါတိုက်ခန်းမှာ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်းနှင့် ရောင်းချလိုကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် တိုက်ခန်း ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါစရန်ပေး ရယူရောင်းချထားသော တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစိမ့်စိမ့်ဖြိုး(LL.B,LL.M,D.A.Psy) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၁၃/၂၀၁၆)**
**အမှတ်(၂၀၆)၊ ရော(၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၀၁၇၈၅၇၁။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ မြို့မမြောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ်(ပ-၂၁၇၁၄)ကို အမည်ပေါက် ဒေါ်လွင်လွင်အောင် (ဘ)ဦးအောင်ငြိမ်း ၁၂/မရက(နိုင်)၀၉၇၈၅၉မှ ဦးကျော်ကျော်နိုင်(ဘ)ဦးလှပေါ် ၅/ခဥတ(နိုင်)၀၀၀၂၃၃ နှင့်မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀) ဧကရှိ ဦးလင်းခိုင် ၁၂/ဥကတ(နိုင်) ၀၀၉၆၀၇ (ဘ)ဦးညွန့်တင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၄၇၂)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်၉၂/၂၀၂၁(၁၅-၆-၂၀၂၁)ဖြင့်မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန်းသန်းဝင်း ၁၂/တမန(နိုင်) ၀၅၅၅၉၄ (ဘ)ဦးသိန်းအောင်မှ ဒေါ်ကေသွယ်သန်း ၅/ရဘန(နိုင်)၀၀၀၀၁၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် အရှင်စန္ဒကုမာရ ၅/စကန (သ) ၀၀၉၀၀၅၏ ပတ်စ်ပို့စာအုပ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၆၈၈၂၀၀**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ကျည်တောင်ကျေးရွာ၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ် Grade-12 တွင် ပညာသင်ကြားနေသော မောင်စိုးရန် နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးခင် မောင်လွင် ၂/လကန(နိုင်)၀၀၄၆၀၃ ဖြစ်ပါကြောင်း။ **ဦးခင်မောင်လွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/98793, Honda Wave -110, ယာဉ် လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ဖခင်အမည်မှန်

ငပုတောမြို့နယ်၊ အထက-ငပုတော Grade-12(A) တွင် ပညာသင်ကြားနေသောမောင်တင့်ထူးနိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွဋ် ၁၄/ငပတ(နိုင်) ၀၀၂၇၀၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းမြဝေ၏ ပတ်စ်ပို့(နံပါတ် -MF-511802) စာအုပ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးစေလိုပါသည်။

**ဖုန်း-၀၉-၄၅၀၀၆၁၇၆၅**

## အမည်မှန်

တွံတေးမြို့၊ နေရာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း (G-12)တွင်ပညာသင်ကြားနေသော မကြည်ကြည်ဌေးအောင်၏ အမည်မှန်မှာ မကြည်လဲ့လဲ့အေး ၁၂/တတန(နိုင်)၂၄၅၈၀၃ ဖြစ်ပါကြောင်း။ **မကြည်လဲ့လဲ့အေး ၁၂/တတန(နိုင်)၂၄၅၈၀၃**

## ဖခင်အမည်မှန်

တွံတေးမြို့၊ အထက(၂) Grade-6 တွင် ပညာသင်ကြားနေသော မောင်မိုးယံဇော်၏ ဖခင်အမည်မှန်မှာ ဦးချစ်စမ်းမောင် ၁၂/ကတန(နိုင်)၀၉၅၇၅၇ ဖြစ်ပါကြောင်း။ **ဦးချစ်စမ်းမောင် ၁၂/ကတန(နိုင်)၀၉၅၇၅၇**

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊အထက(၁)Grade-6(C) မှ မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးညွန့်တင် ၁၄/ကခန(နိုင်)၀၉၁၇၀၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမက(၁၂)တာမွေ၊ Grade-4 မှ မနေခြည်လင်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးဟံသာထွန်းမြင့် ၁၂/တမန(နိုင်) ၀၉၄၅၂၂ ဖြစ်ပါကြောင်း။

**ဦးဟံသာထွန်းမြင့် ၁၂/တမန(နိုင်)၀၉၄၅၂၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine) | ၁ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင် အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်း(၂)နှစ်ပြည့်ပြီး အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးကိုင်ဆောင်ထားသူ၊ အမ်ဘီဘီအက်စ် (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ သင်တန်းအတွက် အသက်သတ်မှတ်ချက်မရှိပါ။

(ဃ) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။

(င) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

